# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ် (၀၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# စာပေအနုပညာနယ်ပယ်၌ ခေတ်အဆက်ဆက်က မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေအနုပညာရှင် စာရေးဆရာတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၁ ခုနှစ်အတွက်အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန -၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ စာပေဆုများ ပေးအပ်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။


**ယနေ့** *ဖတ်စရာ*

**တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ**
ပြည်တွင်းသတင်း | စာ - ၈

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**
စာမျက်နှာ - ၁၀၊ ၁၁၊ ၁၂

မြန်မာ့အလင်း

## တရားမဝင်ကုန်သွယ်မှုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပြည်သူအများ ပူးပေါင်းပါဝင်

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကို နိုင်ငံတော်က အလေးအနက်ထားကာ ဖိဖိစီးစီးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့် အဟန့်အတားအနှောင့်အယှက်တစ်ခုဖြစ်သည့် တရားမဝင်ကုန်သွယ်မှုကို လုံးဝပပျောက်စေရေး ဆောင်ရွက်ရာတွင် ပြည်တွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ကုန်စည်များကို ဖမ်းဆီးရသည့် နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိစိတ်ဓာတ်ဖြင့် သတင်းပေးသည့် ပြည်သူများမှာ လွန်စွာအရေးကြီးသည်။

"တရားမဝင်ကုန်သွယ်မှုများ ရှင်သန်ကြီးထွားနေသည့် အကြောင်းခြင်းရာများစွာရှိသည့်အနက် သို့ဝှက်ရှောင်ကွင်းသယ်ဆောင်မှုများကြောင့် လွတ်သွားခြင်းများ ရှိသကဲ့သို့ ဝန်ထမ်းအချို့၏ ငွေကြေးရယူခွင့်ပြုမှုများကြောင့် တားဆီးနိုင်မှုမရှိခြင်းများလည်းရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း" ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးတွင် ပါဝင်နေကြသည့် ဝန်ထမ်းအားလုံး စည်းမျဉ်း စည်းကမ်းကို လိုက်နာ၊ ကျင့်ဝတ်သိက္ခာကို စောင့်ထိန်း၊ တာဝန်ကို ကျေပွန်ကြပါမှ ရေရှည်တွင် အောင်မြင်မှုရနိုင်မည်ကို ထောက်ပြခဲ့ခြင်းဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများဟူသည် တိုင်းပြုပြည်ပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်နည်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် အစိုးရ၏မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ကြသူများဖြစ်ကြပြီး ဝန်ထမ်းများ၏ ကျွမ်းကျင်မှု၊ အရည်အချင်း၊ လုံ့လဝီရိယနှင့် အလုပ်အပေါ်၊ နိုင်ငံအပေါ် သစ္စာစောင့်သိမှုတို့က နိုင်ငံနှင့် ပြည်သူလူထုအတွက် လွန်စွာအရေးကြီးသည်။ ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့် တာဝန်၊ စည်းကမ်းနှင့် ကျင့်ဝတ်များ၊ ခံစားခွင့်များ၊ ဌာနဆိုင်ရာ အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များ တိတိကျကျ ပြဋ္ဌာန်းထားပြီးဖြစ်သည်ကို ဝန်ထမ်းတိုင်း မမေ့လျော့ကြရန်လိုသည်။ တရားမဝင်ကုန်သွယ်မှုနှင့် အဂတိလိုက်စားမှုတို့သည် အပြန်အလှန်အမှီသဟဲပြုနေပြီး နိုင်ငံနှင့် ပြည်သူအတွက် အဘက်ဘက်မှ ယုတ်လျော့ကျဆင်း နှောင့်ယှက်ပျက်စီးစေမှုများမှာ ရေး၍ပြော၍မကုန်အောင် များပြားလှသည်။ တရားမဝင်ကုန်သွယ်မှုနှင့် အဂတိလိုက်စားမှုတို့၏ အကျိုးဆက်များကြောင့် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျနေရခြင်းဖြစ်ရာ ကုန်သည်လောကနှင့် ဝန်ထမ်းလောကထဲမှ ဝိသမလောဘသမားတို့ကို ဖော်ထုတ်နှိမ်နင်းနိုင်ရေးအတွက် ပြည်သူများပူးပေါင်းပါဝင်ကြရန် လိုအပ်သည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် တရားမဝင်ကုန်စည်များ တားဆီးဖမ်းဆီးနိုင်ရေး တာဝန်သိပြည်သူများက သတင်းအချက်အလက်များ ပေးပို့ကြရန် အသိပေးနှိုးဆော်ထားသကဲ့သို့ပင် အဂတိလိုက်စားမှုများ တားဆီးကာကွယ်ရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုအစီအစဉ်များကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးကြေညာ၍ ဖိတ်ခေါ်လျက်ရှိရာ တာဝန်သိစွာ သတင်းပေးပို့ကြခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူအများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အန္တရာယ်များကို ဝိုင်းဝန်းတိုက်ဖျက်နိုင်ကြပါစေကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် (Representative) အဖြစ် တာဝန်ထမ်းဆောင်မည့် Dr. Thushara Eraj Indranath Fernando က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။

ခန့်အပ်လွှာ ပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Dr. Thushara Eraj Indranath Fernando က ၎င်း၏ ခန့်အပ်လွှာ ပေးအပ်စဉ်။

## ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် Gyeongbuk College ဥက္ကဋ္ဌနှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၃**

တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ Gyeongbuk College ဥက္ကဋ္ဌ Mr. Lee Un Gik နှင့်အဖွဲ့ကို နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် တိုင်းရင်းသား လူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အာဆီယံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ (ASEAN-PAC) ၏ (၁၈) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၃**

မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံဒေသတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီများဖြင့် ဖွဲ့စည်းထားသည့် အာဆီယံအဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (ASEAN Parties Against Corruption–ASEAN–PAC) ၏ (၁၈)ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးကို ယမန်နေ့က တက်ရောက်ခဲ့ပြီး ASEAN–PAC နားလည်မှုစာချွန်လွှာ (Memorandum of Understanding–MoU) လက်မှတ်ရေးထိုးခြင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (Memorandum of Understanding–MoU) ကို လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (Anti–Corruption Unit – ACU) ဥက္ကဋ္ဌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးကို ယနေ့တွင် ဆက်လက်ကျင်းပရာ အာဆီယံ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့နှင့် အာဆီယံဒေသတွင်း နိုင်ငံများ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ခိုင်မာအားကောင်းလာစေရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများ၊ ကောင်းမွန်သည့် အလေ့အထများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ပိတ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက်ခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ (Anti–Corruption Unit–ACU) ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❏ *ရှေ့ဖုံးမှ*

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဆုနှင်းသဘင်အထိမ်းအမှတ်ပြခန်းရှိ ဆုရရှိသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "စာပေစွမ်းအား ကလောင်အားဖြင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip ကို ကြည့်ရှုကြသည်။

**အလေးအမြတ်ဂုဏ်ပြု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာအရ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်၌ မိမိနိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာအတွက် ကလောင်အစွမ်းဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကို အလေးအမြတ်ဂုဏ်ပြုပြီး စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ်က စတင်ကျင်းပလာခဲ့သည်မှာ ယခုအခါနှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အစဉ်အလာကြီးမားပြီး ထူးမြတ်သည့် ယနေ့စာပေဆုနှင်းသဘင်အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားခွင့်ရသည့်အတွက် ကြည်နူးဝမ်းမြောက်မိပါကြောင်း။

**ရာဇကုမာရ်ကျောက်စာကို ရည်ညွှန်း**

မိမိတို့ မြန်မာစာပေသည် ပုဂံခေတ် ၁၂ ရာစုအစတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ယခုမျက်မှောက်ခေတ်အထိဆိုပါက နှစ်ပေါင်း ၁၀၀၀ နီးပါး သက်တမ်းရှိပြီဖြစ်ပါကြောင်း၊ မြန်မာစာပေ၌ အစောဆုံးစာပေအရေးအသားအဖြစ် သက္ကရာဇ်အခိုင်အမာပါရှိသည့် ရာဇကုမာရ် ကျောက်စာကို ရည်ညွှန်းကြပါကြောင်း၊ မိမိတို့ မြန်မာစာပေလောကကြီး နှစ်ပေါင်းကြာရှည် ရပ်တည်နိုင်ခြင်းသည် ခေတ်အဆက်ဆက်က နိုင်ငံ့ခေါင်းဆောင်များ၊ ရဟန်းစာဆို၊ လူပုဂ္ဂိုလ်စာဆိုကြီးများ၏ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးမှု၊ ကြိုးပမ်းအားထုတ်မှုများ၏ အသီးအပွင့်ပင်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ပုဂ္ဂိုလ်ကြီးများ၏ ကျေးဇူးကို ချီးကျူးဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအဝန်း နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်နေ့တွင် **"စာဆိုတော်နေ့"** အခမ်းအနားကို ကျင်းပခဲ့ကြခြင်း ဖြစ်ပါကြောင်း။

**နှစ်စဉ်ကျင်းပလျက်ရှိ**

စာဆိုတော်နေ့ ဖြစ်ပေါ်လာပုံကို လေ့လာကြည့်သည့်အခါ ဂျပန်ခေတ်တွင် ပညာတံခွန်အသင်းက ကွမ်းခြံကုန်းမြို့၌ အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းများကို ဆောင်ရွက်နေစဉ် **"စာဆိုတော်ကြီး ဦးပုညနေ့"** ကျင်းပရန် စီစဉ်ခဲ့ကြပါကြောင်း၊ ရန်ကုန်မြို့မှာရှိသည့် ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့် သက်ဆိုင်သည့် နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပသင့်သည်ဟု အကြံပြုခြင်းကြောင့် ပညာတံခွန်အသင်းက ပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများနှင့် မြန်မာနိုင်ငံ စာရေးဆရာအသင်းက ပုဂ္ဂိုလ်များသည် ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်တွင် အစည်းအဝေးကျင်းပပြီး နှစ်စဉ်နတ်တော်လဆန်း ၁ ရက်၌ **"မြန်မာစာဆိုတော်နေ့"** ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်ဟု သိရပါကြောင်း၊ ပထမအကြိမ် စာဆိုတော်နေ့ အခမ်းအနားကို ၁၃၀၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (၁၉၄၄ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်) တွင် စတင်ကျင်းပခဲ့သည်မှာ ယနေ့ထက်တိုင် အဆိုပါအစဉ်အလာကို ဆက်လက်ထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ၇၈ နှစ်ကြာခဲ့ပြီဖြစ်ပါကြောင်း။

**အထောက်အပံ့ကောင်းများဖြစ်**

စာပေသည် **"ခေတ်ရဲ့ကြေးမုံ"** ဟု ပညာရှိများက ကမ္ပည်းတပ်ကြပါကြောင်း၊ မြန်မာစာပေသမိုင်းတွင် နန်းသုံးတော်ဝင်စာပေများအပြင် ကျေးလက်ပြည်သူအလွှာစုံအထိ ပြည်သူ့အကျိုးပြုစာပေများသည် ခေတ်အဆက်ဆက်၏ ကြေးမုံပြင်တွင် အထင်အရှားကျန်ရစ်ခဲ့ပါကြောင်း၊ မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးရန်အတွက် ကြိုးပမ်းကြရာတွင် စာပေကိုပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏ အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စာပေပညာရှင်ကြီးများကို အားပေးချီးမြှောက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များ၏ စေတနာသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိပါကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု၊ ပုဂ္ဂလိကစာပေဆု စသဖြင့်စာဆိုတော်ကြီးများကို ဆုများပေးအပ်၍ချီးကျူးဂုဏ်ပြုခြင်း၊ စာရေးဆရာအသင်းအဖွဲ့များ ဖွဲ့စည်းပြီး စာပေလှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ စာတမ်းဖတ်ပွဲ၊ စာပေဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့သည်လည်း မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ကောင်းများ ဖြစ်ကြပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရကလည်း မြန်မာ့ယဉ်ကျေးမှုအနုပညာအသီးသီး ဖြာထွက်ရာ ပင်မမဏ္ဍိုင်ဖြစ်သည့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးကို ရည်သန်မျှော်ကိုးပြီး စာဆိုတော်ကြီးများ၏ စာပေလက်ရာမွန်များကို နိုင်ငံတော်အဆင့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုပေးလျက်ရှိသည်မှာ ယခုအခါ နှစ်ပေါင်း ၇၀ ကျော်ပြီ ဖြစ်ပါကြောင်း။

**ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲချီးမြှင့်ခဲ့**

စာပေဆုများတွင် နိုင်ငံတော်အဆင့် အမြင့်ဆုံးစာပေဆုဖြစ်သည့် အမျိုးသားစာပေဆုကို ၁၉၄၈ ခုနှစ်က စတင်ပြီး အသွင်အမျိုးမျိုးဖြင့် ချီးမြှင့်ခဲ့ခြင်းဖြစ်ပါကြောင်း၊ **"စာပေဗိမာန်ကာလပေါ် ဝတ္ထုဆု"** မှ **"စာပေဗိမာန်ဆု"**၊ **"အနုပညာစာပေဆိုင်ရာဆု"**၊ **"အမျိုးသားစာပေဆု"** စသည်ဖြင့် ဆုအမည်ကို ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလဲချီးမြှင့်ခဲ့ပါကြောင်း၊ ဆုချီးမြှင့်မည့် ဘာသာရပ်များကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုး ရှိလာခဲ့ပြီ ဖြစ်ပါကြောင်း။

**ဘာသာရပ် ၁၄ မျိုးအထိ ဆုချီးမြှင့်နိုင်**

ထို့ပြင် မြန်မာစာပေအကျိုးကို တစ်သက်တာလုံးအားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကို အသိအမှတ်ပြု ချီးမြှောက်သည့်အနေဖြင့် **"အမျိုးသားစာပေ တစ်သက်တာဆု"** ကို ၂၀၀၁ ခုနှစ်တွင် စတင်၍ချီးမြှင့်ခဲ့ပါကြောင်း၊ ၎င်းအပြင် အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲရှိသည့် ကလောင်ရှင်များ၏ စာမူကောင်းများကို စာအုပ်အဖြစ် ထုတ်ဝေပေးရန်နှင့် ဆုချီးမြှင့်နိုင်ရေးရည်ရွယ်ပြီး ပြိုင်ပွဲဝင်စနစ်ဖြင့် **"စာပေဗိမာန်စာမူဆု"** အဖြစ် ရွေးချယ်ပြီး ဘာသာရပ် ၁၄ မျိုးအထိ ဆုချီးမြှင့်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် အမျိုးသားစာပေဆုအတွက် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၄၆၆ အုပ်ထဲမှ ဘာသာရပ် ၁၉ ခုအနက် ဘာသာရပ် ၉ ခု၊ စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၆၂ စောင်အနက် ဘာသာရပ် ၁၄ ခုထဲမှ ဆုချီးမြှင့်ရန် ထိုက်တန်သည့် စာမူပေါင်း ၂၈ ခုကို ဆုများချီးမြှင့် ပေးသွားမည်ဖြစ်ပါကြောင်း။

ယခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသည့် စာပေပညာရှင်ကြီး လေးဦးသည်လည်း မိမိတို့ဘဝတစ်လျှောက်လုံး စာပေလောကထဲတွင် နှစ်မြှုပ်ပြီး နိုင်ငံအတွက်၊ အများပြည်သူအတွက် ကောင်းကျိုးဖြစ်ထွန်းစေမည့် သုတ၊ ရသစာပေများကို တစိုက်မတ်မတ် ရေးဖွဲ့ခဲ့ကြသူများ ဖြစ်ပါကြောင်း၊ ယခုစာပေပညာရှင်ကြီးများ၏ စာပေလက်ရာများသည် မြန်မာစာပေလောက ဖွံ့ဖြိုးရေးတွင် အထောက်အကူ ဖြစ်စေရုံသာမက

*စာမျက်နှာ ၄ သို့*




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

**"စာပေသည် "ခေတ်ရဲ့ကြေးမုံ" ဟု ပညာရှိများက ကမ္ပည်းတပ်ကြပါကြောင်း၊ မြန်မာစာပေသမိုင်းတွင် နန်းသုံးတော်ဝင်စာပေများအပြင် ကျေးလက်ပြည်သူအလွှာစုံအထိ ပြည်သူ့အကျိုးပြုစာပေများသည် ခေတ်အဆက်ဆက်၏ ကြေးမုံပြင်တွင် အထင်အရှား ကျန်ရစ်ခဲ့ပါကြောင်း၊ မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးရန်အတွက် ကြိုးပမ်းကြရာတွင် စာပေကိုပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏ အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စာပေပညာရှင်ကြီးများကို အားပေးချီးမြှောက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ စေတနာရှင်လူပုဂ္ဂိုလ်များ၏ စေတနာသည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိ"**

*စာမျက်နှာ ၃ မှ*

**“စာပေမြင့်မှ လူမျိုးတင့်မည်”** ဆိုသည့် ဆောင်ပုဒ်အတိုင်း၊ နိုင်ငံနှင့် လူမျိုးအကျိုး မြှင့်တင်ပေးနေသည့်အတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုချီးမြှောက်ခွင့်ရသဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**မွေ့လျော်ရာစာပေနယ်ကို တိုးဝင်ရန်ကြိုးပမ်း**

၂၀၂၁ ခုနှစ်အတွက် စာပေဆုရရှိခဲ့ကြသည့် စာရေးသူများနှင့် စာအုပ်များကို ကြည့်မည်ဆိုပါကလည်း ကလောင်နု၊ ကလောင်လတ်၊ ကလောင်ရင့်တို့ ပါဝင်ကြပြီး အတွေးစုံ၊ အမြင်စုံ၊ ရသစုံစွာ စာပေအဆင့်အတန်းမီအောင် ရေးဖွဲ့ထားကြသည်ဟု ဆုရွေးချယ်ရေးအဖွဲ့က သုံးသပ်ထားပါကြောင်း၊ ဆုရရှိကြသူများထဲတွင် နိုင်ငံ့သိစာရေးဆရာကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဝန်များ၊ တပ်မတော်အရာရှိများ၊ အငြိမ်းစားဝန်ထမ်းများ ပါဝင်ကြသကဲ့သို့ ဝါသနာကိုအရင်းတည်ပြီး မွေ့လျော်ရာ စာပေနယ်ကို တိုးဝင်ရန်ကြိုးပမ်းလာကြသည့် စာပေဝါသနာရှင်များ ဆုဆွတ်ခူးရရှိခဲ့ကြသည်ကို တွေ့ရသဖြင့် ကျေနပ်အားရဖြစ်မိပါကြောင်း။

**အဓိကအခြေခံထား**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများသည် အရေးပါသကဲ့သို့ ဉာဏပစ္စည်းဆိုင်ရာများကလည်း ထပ်တူအရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့် အနုသုခုမပညာရပ်များသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ် တစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို အကဲဖြတ်ရာတွင် အဓိက အခြေခံထားကြပါကြောင်း၊ နိုင်ငံတော်ကို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ဆုနှင်းသဘင် အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဇင်ညွန့် (တက္ကသိုလ် မြတ်သူ) က ကျေးဇူးတင်စကားပြောကြားစဉ်။

- **ယခုနှစ်တွင် အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသည့် စာပေပညာရှင်ကြီး လေးဦးသည်လည်း မိမိတို့ဘဝတစ်လျှောက်လုံး စာပေလောကထဲတွင် နှစ်မြှုပ်ပြီး နိုင်ငံအတွက်၊ အများပြည်သူအတွက် ကောင်းကျိုး ဖြစ်ထွန်းစေမည့် သုတ၊ ရသစာပေများကို တစိုက်မတ်မတ် ရေးဖွဲ့ခဲ့ကြသူများဖြစ်**
- **ယခုစာပေပညာရှင်ကြီးများ၏ စာပေလက်ရာများသည် မြန်မာစာပေလောကဖွံ့ဖြိုးရေးတွင် အထောက်အကူဖြစ်စေရုံသာမက “စာပေမြင့်မှ လူမျိုးတင့်မည်” ဆိုသည့် ဆောင်ပုဒ်အတိုင်း၊ နိုင်ငံနှင့် လူမျိုးအကျိုး မြှင့်တင်ပေးနေသည့်အတွက် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို ဂုဏ်ပြုချီးမြှောက်ခွင့်ရသဖြင့် များစွာဝမ်းမြောက်ဂုဏ်ယူမိ**

စိုးမိုးအုပ်ချုပ်ခဲ့ကြသည့် မြန်မာမင်းများလက်ထက်မှစပြီး နိုင်ငံတော်အစိုးရအဆက်ဆက်တို့သည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် စာပေအနုပညာ ယဉ်ကျေးမှုနယ်ပယ်မှ စာပေနှင့် အနုပညာရှင်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှောက်ခဲ့ကြပါကြောင်း။

**စဉ်ဆက်မပြတ် ချီးမြှင့်သွားမည်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ၂၀၂၂ ခုနှစ်၊ မတ်လတွင် စာပေနှင့် အနုပညာနယ်ပယ်က ထူးချွန်သူ ၂၅ ဦး၊ ၂၀၂၂ ခုနှစ်၊ ဧပြီလမှာ ၈ ဦးနှင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်မှာ ကျရောက်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့တွင် ၇ ဦးတို့ကို အလင်္ကာကျော်စွာဘွဲ့များ ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ အလင်္ကာကျော်စွာဘွဲ့ကို စာပေနှင့်အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူများအား ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ လွတ်လပ်ရေးရအပြီး ပါလီမန်ခေတ်ကစ၍ ယနေ့မျက်မှောက်ခေတ်ကာလအထိ အလင်္ကာကျော်စွာဘွဲ့ ရရှိသူပေါင်း ၆၄ ဦး ရှိပြီဖြစ်ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များထဲတွင် စာပေပညာရှင်များအဖြစ် တစ်သက်တာစာပေဆုရ ဆရာကြီး၊ ဆရာမကြီး ၁၉ ဦးလည်း အပါအဝင်ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ချီးမြှင့်သင့်ချီးမြှင့်ထိုက်သူများကို စဉ်ဆက်မပြတ် ချီးမြှင့်သွားမည်လည်း ဖြစ်ပါကြောင်း။

ထို့ပြင် စာပေအနုပညာနယ်ပယ်၌ ခေတ်အဆက်ဆက်က မြန်မာစာပေဖွံ့ဖြိုးရေးနှင့် စာပေအနုပညာရှင် စာရေးဆရာတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က တတ်အားသရွေ့ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့အစိုးရလက်ထက်တွင်လည်း အနုပညာနယ်ပယ် အသီးသီးရှိ အနုပညာဖန်တီးမှု လုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် **“အနုပညာဗဟိုဌာနအဆောက်အဦ (Art Centre)”** များနှင့် စာပေလောကသားများ စုစည်းဆောင်ရွက်စေရန်နှင့် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းများ ထာဝရ ရှင်သန်စေရန်အတွက် **“စာဆိုဗိမာန်”** ကိုလည်း တည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

**အရှိန်အဟုန်ဖြင့် ချီတက်နေ**

ယခုအခါ မိမိတို့နိုင်ငံတွင် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်”**ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို အရှိန်အဟုန်ဖြင့် ချီတက်နေသည့်အချိန် ဖြစ်ပါကြောင်း၊ အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိနိုင်ရန်အတွက် မိမိတို့နိုင်ငံသားများ၏ အထူးသဖြင့် အနာဂတ်နိုင်ငံ့ခေါင်းဆောင်များဖြစ်ကြမည့် လူငယ်များ၏ အတွေးအခေါ်၊ အသိပညာ တိုးတက်ဖွံ့ဖြိုးအောင် ဖြည့်ဆည်းပေးရန်နှင့် နိုင်ငံတကာအလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်ရန် မီဒီယာများ ပေါင်းစည်းဆောင်ရွက်မှုကဏ္ဍ ဖွံ့ဖြိုးရန်လည်း လိုအပ်ပါကြောင်း။

လူမှုရေးဦးတည်ချက် သုံးရပ်ဖြစ်သည့် **“စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး” “တိုင်းရင်းသားလူမျိုး အပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသား ယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး” “တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး”** စသည့် ဦးတည်ချက်များကို အကောင်အထည်ဖော်နိုင်ရန်မှာ စာပေပညာရှင်ကြီးများ အပါအဝင် ရုပ်ရှင်၊ ဂီတ၊ သဘင် စသည့် အနုပညာရှင်အသီးသီး၏ စစ်မှန်ကောင်းမွန်သည့် စွမ်းဆောင်မှုများက များစွာထိရောက်အောင်မြင်စေမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

**“လူများတွင် အဖိုးတန်ဆုံးသောအရာသည် အသိပညာပင်ဖြစ်ပါကြောင်း၊ အသိပညာကို အတွေ့အကြုံနှင့် စာပေကရနိုင်သည့်အတွက် လူတိုင်းစာဖတ်သင့်ကြောင်း ရှေးအဆက်ဆက်ပညာရှိများက မှာကြားခဲ့သကဲ့သို့ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်အားလုံးတို့၏ တူညီသော မြွက်ဟမှုသည်လည်း “စာဖတ်တယ်” ဆိုသည့် စကားပင်ဖြစ်ပါကြောင်း၊ လူတိုင်းသည် ကိုယ်တွေ့ဖြင့်သာ မည်သည့်အလုပ်၊ မည်သည့်အကြောင်းအရာကိုမျှ ကုန်စင်အောင် မသိနိုင်ပါကြောင်း၊ နှစ်ပေါင်းများစွာကြုံတွေ့ရရှိခဲ့သည့် လူပေါင်းများစွာတို့၏ အသိများ၊ အတွေးများကို စုစည်းထားသည့် စာအုပ်စာပေများကို ဖတ်ကြမှသာ လုံလောက်သည့် အသိပညာအလိမ္မာကို ရရှိစေမည်”**

### အသိပညာအလိမ္မာကို ရရှိစေမည်

ယနေ့ကဲ့သို့ ပညာခေတ်တွင် ရုပ်ဝတ္ထုများဘက်ပေါင်းစုံက အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်နှင့်အညီ အဆိုပါရုပ်ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးချနေသည့် မိမိတို့လူသားများ၏ အသိပညာမြင့်မားရေးနှင့် စိတ်ဓာတ်ကောင်းမွန်ရေးသည်လည်း အရေးပါလာသည်ကို တွေ့ရပါကြောင်း၊ လူများတွင် အဖိုးတန်ဆုံးသောအရာသည် အသိပညာပင်ဖြစ်ပါကြောင်း၊ အသိပညာကို အတွေ့အကြုံနှင့် စာပေက ရနိုင်သည့်အတွက် လူတိုင်းစာဖတ်သင့်ကြောင်း ရှေးအဆက်ဆက်ပညာရှိများက မှာကြားခဲ့သကဲ့သို့ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်အားလုံးတို့၏ တူညီသော မြွက်ဟမှုသည်လည်း **“စာဖတ်တယ်”** ဆိုသည့် စကားပင်ဖြစ်ပါကြောင်း၊ လူတိုင်းသည် ကိုယ်တွေ့ဖြင့်သာ မည်သည့်အလုပ်၊ မည်သည့်အကြောင်းအရာကိုမျှ ကုန်စင်အောင် မသိနိုင်ပါကြောင်း၊ နှစ်ပေါင်းများစွာကြုံတွေ့ရရှိခဲ့သည့် လူပေါင်းများစွာတို့၏ အသိများ၊ အတွေးများကို စုစည်းထားသည့် စာအုပ်စာပေများကို ဖတ်ကြမှသာ လုံလောက်သည့် အသိပညာ အလိမ္မာကို ရရှိစေမည်ဖြစ်ပါကြောင်း။

တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် စကားအတိုင်း နိုင်ငံကောင်းရာကောင်းကျိုးအတွက် တိုင်းရင်းသားလုပ်သားပြည်သူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ အတွေးအခေါ်၊ အယူအဆစသည့် ပြည်သူများ၏ ရပ်တည်လုပ်ဆောင်မှုကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူများကို အသိပညာ ဗဟုသုတနှင့် စိတ်ဓာတ်မြင့်မားရေးကို စာပေအနုပညာရှင်ကြီးများအားဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ နိုင်ငံကြီးသည် အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်ဟု တိုက်တွန်းမှာကြားလိုပါကြောင်း။

စာပေပညာရှင်ကြီးများ၊ သတင်းစာပညာရှင်ကြီးများအနေဖြင့် မိမိတို့ တတ်ကျွမ်းသည့် စာပေရေးသားခြင်း လုပ်ငန်းများ၊ သတင်းစာပညာရပ်များနှင့် မီဒီယာလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် လူတစ်စုအတွက်၊ အဖွဲ့အစည်းတစ်ခုအတွက် မဖြစ်စေဘဲ တစ်မျိုးသားလုံးအကျိုး၊ နိုင်ငံတော်အကျိုးကို ဦးတည်ဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို တိုက်တွန်းမှာကြားလိုပါကြောင်း။

### ကလောင်စွမ်းနှင့် ဆက်လက်သယ်ပိုး

ယနေ့အခမ်းအနားသည် မိမိတို့၏ ဝါသနာကို အခြေခံပြီး စိတ်ကောင်းစေတနာ ထပ်ဆင့်လောင်းကာ နိုင်ငံအတွက် စာပေတာဝန်များကိုကျေပွန်စွာ ကြိုးစားထမ်းဆောင်မှုများကို အသိအမှတ်ပြုဂုဏ်ပြုသည့် အခမ်းအနားဖြစ်သဖြင့် မိမိတို့အားလုံးသည် ဆုချီးမြှင့်ခံကြရသည့် စာရေးဆရာကြီးများနည်းတူ ကြည်နူးဝမ်းသာ ဖြစ်ကြရပါကြောင်း၊ နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် ကလောင်စွမ်းနှင့်ဆတက်ထမ်းပိုး ဆက်လက်သယ်ပိုးနိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း။

မြန်မာ့သမိုင်းတစ်လျှောက်တွင် ရဟန်းစာဆို၊ လူစာဆိုများအပါအဝင် မြန်မာစာဆိုတော်ကြီးများ၏ မြန်မာစာပေအားဖြင့် နိုင်ငံ့အကျိုးစီးပွားအတွက် ဆောင်ရွက်ခဲ့မှုများကို ချီးကျူးဂုဏ်ပြု ပူဇော်ခြင်းဖြစ်သည့် စာဆိုတော်နေ့ကျင်းပခြင်းနှင့် စာပေဆုများ ချီးမြှင့်ပေးသည့်ဓလေ့ကို ဝါရင့်စာပေပညာရှင်တို့က ဆက်လက်သယ်ဆောင် ထိန်းသိမ်းကြပြီး **“စာရေးဆရာနီတိ”** ကို စောင့်ထိန်းကြသည့်၊ ခေတ်ကို ထင်ဟပ်ဖွဲ့ဆိုကြသည့်၊ နိုင်ငံ့ပုံရိပ်ကို မြှင့်တင်နိုင်ကြသည့် မျိုးဆက်သစ် စာရေးဆရာများ၊ ကလောင်သစ်များ တိုးပွားလာစေရေး ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

### တက်ညီလက်ညီပူးပေါင်းပါဝင်

ယနေ့အခမ်းအနားကို တက်ရောက်အားပေးကြသည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ စာပေဆုရရှိသူများ၊ စာပေပညာရှင်ကြီးများ၊ အထူးသဖြင့် ယခုကဲ့သို့ စာပေဆုများ အောင်မြင်စွာ ချီးမြှင့်နိုင်စေရန် အချိန်ကုန်၊ လူအားစိုက်ထုတ်ပြီး စာပေစေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့် စာပေဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ စာပေပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တက်ညီလက်ညီပူးပေါင်းပါဝင်ကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

### ဆုများ ပေးအပ်ချီးမြှင့်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် ဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ)၊ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ ဒေါက်တာ မျိုးသန့်တင်နှင့် ဒေါက်တာဒေါ်တင်ဝင်း (ဒေါက်တာမတင်ဝင်း- ပညာရေးတက္ကသိုလ်) ကိုယ်စား သမီးဖြစ်သူတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမျိုးသားစာပေဆုရရှိကြသည့် ဝတ္ထုတိုဆုရှင် မင်းခိုက်စိုးစန်၊ စာပဒေသာဆုရှင် စိုးတင့်(ဧရာဝတီ)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုရှင် ရွှေကူနန်းနွဲ့နွဲ့၊ လူငယ်စာပေဆုရှင် အကြီးကိုကို (ကသာ) နှင့် ဘာသာပြန် (သုတ) ဆုရှင် သက်ဆွေ တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင် ဆရာကြီး ဦးကျော်ဇင်ညွန့် (တက္ကသိုလ် မြတ်သူ) က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ စာပေဂုဏ်ပြု တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### ဂုဏ်ပြုနေ့လယ်စာသုံးဆောင်

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။

နေလယ်စာသုံးဆောင်အပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသည့် ဆရာကြီးနှင့် ဆရာမကြီး ၄ ဦးတို့အား အမှတ်တရစုပေါင်းဓာတ်ပုံများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား ဓာတ်ပုံမြင်ကွင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစာပေတစ်သက်တာဆုရ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစာပေတစ်သက်တာဆုရ ဒေါက်တာမျိုးသန့်တင် အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားစာပေဆုရ စာပဒေသာဆုရှင် စိုးတင့်(ဧရာဝတီ) အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားစာပေဆုရ လူငယ်စာပေဆုရှင် အကြီးကိုကို(ကသာ)အား ဆုပေးအပ်ချီးမြှင့်စဉ်။



ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး အမျိုးသားစာပေဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး စာပေဗိမာန်စာမူဆုရရှိသူ တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုစဉ်။



ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ကောင်စီဝင် မန်းငြိမ်းမောင် စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ကောင်စီဝင် ဒေါ်အေးနုစိန် စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေဗိမာန်စာမူဆု ရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယနေ့တွင် အသက် ၄ လပြည့်မြောက်သည့် "ရဋ္ဌနန္ဒက" ရတနာဆင်ဖြူတော်လေးအပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များအား အစာအာဟာရများကျွေးမွေး

နေပြည်တော် နိုဝင်ဘာ ၂၃

**ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် မင်္ဂလာအချိန် နံနက် ၆ နာရီ မိနစ် ၃၀ တွင် မွေးဖွားခဲ့သည့် "ရဋ္ဌနန္ဒက" ရတနာဆင်ဖြူတော်လေးသည် ယနေ့တွင် အသက် ၄ လတင်းတင်း ပြည့်မြောက်သည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "ရဋ္ဌနန္ဒက" ရတနာဆင်ဖြူတော်လေးအား အစာအာဟာရများ ကျွေးမွေးစဉ်။

### အစာအာဟာရများ သွားရောက်ကျွေးမွေး

အဆိုပါ **"ရဋ္ဌနန္ဒက"** ရတနာဆင်ဖြူတော်လေးအပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များအား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အရှေ့ဘက်ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် အစာအာဟာရများ သွားရောက်ကျွေးမွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များအား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က **"ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြော ပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)** ရတနာဆင်ဖြူတော်လေးနှင့် မိခင်ဆင်မကြီး ဇာနန်းလှ၊ ရတနာဆင်ဖြူတော်ဆောင်အတွင်းရှိ ရတနာဆင်ဖြူတော်များဖြစ်ကြသည့် **"ဘဒ္ဒဝတီ" "နန္ဒဝတီ" "ငွေဆဒ္ဒန်" "ဟေမဝတီ" ဇာတကလျာ" "သီရိမာလာ"** နှင့် အဖော်ဆင်များကို အစာအာဟာရများ ကျွေးမွေးကြသည်။

### ရတနာဆင်ဖြူတော်များနှင့် အဖော်ဆင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် **"ရဋ္ဌနန္ဒက"** ဆင်ဖြူတော်လေး၏ ကျန်းမာရေးအခြေအနေများ၊ ကိုယ်ခန္ဓာဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို မေးမြန်းခဲ့ပြီး ရတနာဆင်ဖြူတော် ဆောင်အတွင်းရှိ ဆင်ဖြူတော်များနှင့် အဖော်ဆင်များအတွက် အစာအာဟာရကျွေးမွေးရန်ထောက်ပံ့ငွေများကို ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ "ရဋ္ဌနန္ဒက" ရတနာဆင်ဖြူတော်လေး အပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များအား အစာအာဟာရများ ကျွေးမွေးစဉ်။

### ရတနာဆင်ဖြူတော်ဆောင်တွင် ကျန်းမာပျော်ရွှင်စွာ နေထိုင်လျက်ရှိ

အဆိုပါ ရတနာဆင်ဖြူတော်လေး **"ရဋ္ဌနန္ဒက" (တိုင်းပြည်က ချစ်ခင်မြတ်နိုး၍ နိုင်ငံတော်၏ သာယာဝပြောပျော်ရွှင်ခြင်းကို ဆောင်ကြဉ်းပေးမည့် ဆင်ဖြူရတနာ)**မှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ် အလေးချိန် ပေါင် ၁၈၀ ခန့်ရှိကြောင်း၊ ရတနာဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီ ပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်ကြောင်း၊ အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် ၄ လပြည့်မြောက်သည့်အချိန်တွင် အရပ်အမြင့် ၂ ပေ ၁၁ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၂၈၈ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော် ဝတ္ထုကံမြေအတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်တွင် ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်း အပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား နိုဝင်ဘာ ၄ ရက်မှ ၂၁ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄) ရေတပ်ဆိပ်ခံတံတား (သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ပါလီပါလဲ့ကျွန်း၊ ဟိုင်းကြီးကျွန်းအပါအဝင် ရေဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၅၀၃၇ ဦး၊ ခွဲစိတ်ရောဂါ ၇၅၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၂၂ ဦး၊ ကလေးရောဂါ ၇၀၅ ဦး၊ အရိုးရောဂါ ၂၂၈၉ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၆၅၃ ဦး၊ မျက်စိရောဂါ ၂၈၇၀ နှင့် သွားရောဂါ ၉၂၄ ဦး စုစုပေါင်း ဒေသခံပြည်သူ ၁၃၈၅၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၂၀၄ ဦး၊ အထွေထွေခွဲစိတ်လူနာ ၄၁ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၈၀၊ Ultrasound ရိုက်လူနာ ၅၇၉ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၅၈၁ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၈၃ ဦးတို့ကိုရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် နှစ်ဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် ပြန်လည် ရောက်ရှိလာသည့် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့ဝင်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ဗိုလ်ချုပ် ထိန်ဝင်းက ပေးအပ်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များပါဝင်သော တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများရှိ ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယခုခရီးစဉ်သည် (၁၅)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၂၆၁၆၇ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၁၇ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

“၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှစက်တင်ဘာလအထိ (၉) လအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ (၃၀၉၅)မှု၊ ခန့်မှန်းတန်ဖိုး ကျပ် (၄၅ ဒသမ ၆) ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ (၁၅၅၈)မှုနှင့် ခန့်မှန်းတန်ဖိုးသည် ကျပ် (၆ ဒသမ ၆၂၆) ဘီလီယံ ဖြစ်သည့်အတွက် ကာလတူတွင် အမှုတွဲ(၁၅၃၇)မှုနှင့် ခန့်မှန်းတန်ဖိုး ကျပ် (၃၈ ဒသမ ၉၇၄) ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့”

❖ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းပြီး (၉)လကျော် ကာလအတွင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့နှင့် OSS (One Stop Service) အဖွဲ့ဝင်ဌာနများသည် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများတွင် ယခင်ကထက် ပိုမိုထိထိရောက်ရောက် အကောင်အထည်ဖော်လာနိုင်သည်ကိုတွေ့ရကြောင်း၊ ထိုသို့ အကောင်အထည်ဖော်နိုင်ရန် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်သည့် အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ပိုမိုလျင်မြန် ထိရောက်လာသည်ကို တွေ့ရကြောင်း။

အထူးအလေးထားမှာကြားလိုသည်မှာ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်ရှိ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့များအနေဖြင့် သက်ဆိုင်ရာဒေသအတွင်း ရှောင်ကွင်းလမ်းများအပါအဝင် နည်းလမ်းစုံအသုံးပြုရှောင်ကွင်းသွားသည့် တရားမဝင်ကုန်သွယ်မှုများကို လမ်းကြောင်းတစ်လျှောက် မိမိဒေသနှင့်ထိစပ်နေသည့်ဘေးနံ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များထံ ချိတ်ဆက်သတင်းပေးပို့တားဆီးစစ်ဆေးနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် ပြည်တွင်းထုတ်ကုန်တိုးတက်ရေးအတွက် တရားမဝင် ကုန်စည်တင်သွင်းမှုများကို ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်သည်ကို လုပ်ငန်းရှင်များက တင်ပြခဲ့ကြကြောင်း၊ ပြည်တွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ပြည်ပမှ အကောက်ခွန်မဲ့ ဝင်ရောက်လာသည့် ကုန်စည်များကို ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် ရေရှည်ရပ်တည်ရန် ခက်ခဲလာသည့် အခြေအနေကို တင်ပြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ရှင်သန်ရပ်တည်မှုကို ဖျက်ဆီးနေသည့် တစ်နည်းအားဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် တရားမဝင် ကုန်စည်တင်သွင်းမှုများကို ထိထိရောက်ရောက် တားဆီးစစ်ဆေးကာ ဟန့်တားတိုက်ဖျက်သွားရမည်ဖြစ်ကြောင်း။

**ဖမ်းဆီးရမိမှုအခြေအနေ**

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ (၉)လအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ (၃၀၉၅)မှု၊ ခန့်မှန်းတန်ဖိုး ကျပ် (၄၅ ဒသမ ၆) ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူ ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ(၁၅၅၈)မှုနှင့် ခန့်မှန်းတန်ဖိုးသည် ကျပ်(၆ ဒသမ ၆၂၆) ဘီလီယံ ဖြစ်သည့်အတွက် ကာလတူတွင် အမှုတွဲ(၁၅၃၇)မှုနှင့် ခန့်မှန်းတန်ဖိုး ကျပ် (၃၈ ဒသမ ၉၇၄) ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖမ်းဆီးရမိမှုကို ကြည့်မည်ဆိုပါက ဩဂုတ်လနှင့် အောက်တိုဘာလအတွင်း မန္တလေးတိုင်းဒေသကြီးက ဖမ်းဆီးရမိမှုအများဆုံးဖြစ်ပြီး စက်တင်ဘာလအတွင်းတွင် ကရင်ပြည်နယ်က ဖမ်းဆီးရမိမှုအများဆုံးဖြစ်ကြောင်း။

အထူးအဖွဲ့များအနေဖြင့် တရားမဝင်တင်သွင်းလာသည့် အမိုနီယမ်နိုက်ထရိတ်များကို လုံခြုံရေးအသိဖြင့် ဖိဖိစီးစီးစစ်ဆေးရမည်ဖြစ်သကဲ့သို့ တစ်ဖက်တွင်လည်း စိုက်ပျိုးသူတောင်သူများလက်သို့ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီ တရားဝင်အတားအဆီးမရှိရောက်ရှိရေး အတားအဆီးမဖြစ်စေရန် စီမံဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှု တားဆီးရာတွင် တရားမဝင် ကုန်စည်များကိုသာမက မူးယစ်ဆေးဝါး၊ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ထို့ပြင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် ဌာနဆိုင်ရာများအနေဖြင့် တရားမဝင် ကုန်သွယ်မှုများကို စစ်ဆေးရာတွင် တရားမဝင်လက်နက်ခဲယမ်းများနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ခိုးဝှက်သယ်ဆောင်ခြင်းမရှိစေရေး အလေးထား စစ်ဆေးသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံအတွင်း အရည်အသွေးပြည့်မီသည့် စားသုံးဆီဖူလုံစေရေးနှင့် ဈေးနှုန်းတည်ငြိမ်စေရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေချိန် အကောက်ခွန်မဲ့ တရားမဝင် စားသုံးဆီများ တင်သွင်းသယ်ဆောင်မှုများရှိနေကြောင်း၊ ထို့ကြောင့် အထူးအဖွဲ့များအနေဖြင့် တရားမဝင်စားသုံးဆီ တင်သွင်းမှုများကို ထိထိရောက်ရောက် စစ်ဆေးတားဆီးဖော်ထုတ်ကြရမည်ဖြစ်ကြောင်း။

တရားမဝင်ကုန်သွယ်မှုများ ရှင်သန်ကြီးထွားနေသည့် အကြောင်းခြင်းရာများစွာရှိသည့်အနက် သိုဝှက်ရှောင်ကွင်း သယ်ဆောင်မှုများကြောင့် လွတ်သွားခြင်းများရှိသကဲ့သို့ ဝန်ထမ်းအချို့၏ ငွေကြေးရယူခွင့်ပြုမှုများကြောင့် တားဆီးနိုင်မှုမရှိခြင်းများလည်း ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဒေသဆိုင်ရာ အကောက်ခွန်သက်သာခွင့် အစီအစဉ်များအရ အခြားနိုင်ငံများတွင် မရရှိနိုင်သည့် အကောက်ခွန်သက်သာခွင့် မိမိတို့နိုင်ငံက ရရှိထားသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံထွက် ကုန်စည်များကိုသာ သီးခြားကင်းလွတ်သက်သာခွင့်များ ပေးထားကြောင်း၊ နိုင်ငံတကာ စည်းမျဉ်း၊ စည်းကမ်း၊ ကတိကဝတ်များကို လေးစားလိုက်နာမှုနှင့် မိမိတို့နိုင်ငံအပေါ် အခြားနိုင်ငံများ၏ ယုံကြည်မှုကိုပါ မထိခိုက်စေရေး ဆောင်ရွက်ရန် လိုကြောင်း။

**ဖမ်းဆီးခြင်းများဆက်လက်ဆောင်ရွက်**

တရားမဝင်ကုန်သွယ်မှုကို လုံးဝပပျောက်အောင် ဆောင်ရွက်ရန် ယခုအချိန်ကာလအထိ မဖြစ်နိုင်သေးသော်လည်း ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ကာကွယ်တားဆီးဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်စည်များ တားဆီးဖမ်းဆီးရေးတွင် တာဝန်ကျေပွန်စွာ ပါဝင်ထမ်းဆောင်ကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် တာဝန်သိစိတ်ဖြင့် သတင်းအချက်အလက်များပေးပို့သော ပြည်သူများကိုလည်း ထိုက်သင့်သည့် အသိအမှတ်ပြုမှုနှင့် ချီးမြှင့်မှုအနေဖြင့် ဆုကြေးငွေခွဲဝေပေးခြင်းကို သတ်မှတ်ချက်နှင့်အညီ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ (၄/၂၀၂၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခင်ဇော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌများ၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရအောင်မျိုးမြင့် တို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၂) အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅/၂၀၂၂) ဆုံးဖြတ်ချက်(မူကြမ်း)ကို ဖတ်ကြားတင်ပြသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး “ရဋ္ဌနန္ဒက” မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး) ကလေး တစ်စီးအား ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော် ကလေး၏ ဘွဲ့နာမံတော်မှာ “ရဋ္ဌနန္ဒက” ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး ရဋ္ဌနန္ဒကမှာ ယခုအသက် လေးလသားတွင် အရပ်အမြင့် ၂ ပေ ၁၁ လက်မ၊ ကိုယ်လုံးလုံးပတ် ၄ ပေ ၅ လက်မ ၊ ကိုယ်အလေးချိန် ၂၈၈ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက် ရှိကြောင်းနှင့် ဆင်ဖြူတော်လေး ရဋ္ဌနန္ဒကမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် (Peace Human and Elephant Interaction Training) စနစ်ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၈ /၂၀၂၂**
**၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည်–

**ပြည်ထောင်စုသူသဂ်ဟာဘွဲ့**
**မဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးကျော်ငြိမ်း | ဒုတိယဝန်ကြီးချုပ် |

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်ခင်မောင်ကလေး | ဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန |
| ၂။ | ဦးခင်မောင်လတ် | ဝန်ကြီး | တရားရေးဌာန |
| ၃။ | ဦးမောင်ကျော်ဇံ | ဝန်ကြီး | တရားရေးဌာန |
| ၄။ | ဦးအုန်း | ဝန်ကြီး | ကူးသန်းရောင်းဝယ်ရေးနှင့်ထောက်ပံ့ရေးဌာန |
| ၅။ | ဗိုလ်ဘိုးကွန်း | ဝန်ကြီး | ပညာရေး၊ပြည်သူ့ဆက်ဆံရေးနှင့်ပြန်လည်ထူထောင်ရေးဌာန |
| ၆။ | ဦးသန်းအောင် | ဝန်ကြီး | ပညာရေးဌာနဒုက္ခသည်များနှင့်ကယ်ဆယ်ရေးဌာန |
| ၇။ | ဦးဘစော | ဝန်ကြီး | သာသနာရေး၊ လူမှုဝန်ထမ်းနှင့် လူထုပညာရေးဌာန |
| ၈။ | ဦးကာ | ဝန်ကြီး | ပညာရေးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဌာန နှင့် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဌာန |
| ၉။ | ဦးထွန်းဖေ | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၀။ | ဦးညိုထွန်း | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၁။ | သခင်ချစ်မောင် | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၂။ | ဦးကျော်မြင့် | ဝန်ကြီး | သတ္တုတွင်းနှင့်စက်မှုလက်မှုဌာန |
| ၁၃။ | ဦးရာရှစ်(ခ)မစ္စတာအမ် (မ)အေရာရှစ် | ဝန်ကြီး | အိမ်ယာဆောက်လုပ်ရေးနှင့် အလုပ်သမားဌာန၊ သတ္တုတွင်းဌာန |
| ၁၄။ | ဗိုလ်ခင်မောင် | ဝန်ကြီး | စက်မှုလက်မှုဌာန |
| ၁၅။ | သခင်လွင် | ဝန်ကြီး | အလုပ်သမားဌာန |
| ၁၆။ | ဒေါက်တာစိန်ဘန်း | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၇။ | သခင်သာခင် | ဝန်ကြီး | ပြည်ထဲရေးဌာန |
| ၁၈။ | သခင်ကျော်ထွန်း | ဝန်ကြီး | လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောရေးဌာန၊ ပြည်သူ့ရိက္ခာထောက်ပံ့ရေးနှင့်သမဝါယမဌာန |
| ၁၉။ | သခင်စံမြင့် | ဝန်ကြီး | လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဌာန |
| ၂၀။ | ဦးထွန်းဝင်း | ဝန်ကြီး | သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေးဌာန |
| ၂၁။ | ဦးဝင်းမောင် | ဝန်ကြီး | ဆိပ်ကမ်း၊ ရေကြောင်း၊ လေကြောင်းနှင့် ကမ်းရိုးတန်းဆက်သွယ်ရေးဌာန |
| ၂၂။ | ဦးရွှေကြိုင် | ဝန်ကြီး | ပြန်လည်ထူထောင်ရေးဌာန |
| ၂၃။ | သခင်ပန်းမြိုင် | ဝန်ကြီး | ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးဌာန |
| ၂၄။ | ဦးထွန်းမြင့် | ဝန်ကြီး | ဌာနလက်ကိုင်မရှိ |
| ၂၅။ | ဗိုလ်စိန်မှန် | ဝန်ကြီး | ဌာနလက်ကိုင်မရှိ |
| ၂၆။ | ဦးဆန်ခိုလျှံ | ဥက္ကဋ္ဌ | ချင်းရေးရာဦးစီးအဖွဲ့ |
| ၂၇။ | စောစံဖိုးသင် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်အစိုးရ ကရင်ရေးရာဝန်ကြီး |
| ၂၈။ | မန်းဘဆိုင် | ကရင်ရေးရာဝန်ကြီး | |
| ၂၉။ | ဦးထန်လျန်း | ချင်းရေးရာဝန်ကြီး | |
| ၃၀။ | ဦးနိုင်အောင်ထွန်း | မွန်ရေးရာဝန်ကြီး | |
| ၃၁။ | ဦးဘမြိုင် | ရခိုင်ရေးရာဝန်ကြီး | |
| ၃၂။ | ဦးအောင်ဇံဝေ | လူနည်းစုဌာနဝန်ကြီး | |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၉ /၂၀၂၂**
**၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**( ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၆၃ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာဝပြောရေးအတွက် နိုင်ငံ့တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် –

**ပြည်ထောင်စုသူသဂ်ဟာဘွဲ့**
**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | ဦးခင်ဇော်မုံ | နိုင်ငံတော်ကောင်စီဝင် |
| ၂။ | ဦးစိုးလှိုင် | နိုင်ငံတော်ကောင်စီဝင် |
| ၃။ | ဦးစပ်အုံးညွှာ | နိုင်ငံတော်ကောင်စီဝင် |
| ၄။ | ဦးတင်သိန်း | နိုင်ငံတော်ကောင်စီဝင် |
| ၅။ | ဦးထွန်းမြင့်(လင်းခေး) | နိုင်ငံတော်ကောင်စီဝင် |
| ၆။ | ဦးဒိန်ရတန် | နိုင်ငံတော်ကောင်စီဝင် |
| ၇။ | ဗိုလ်မှူးကြီးမင်းသိမ်း | နိုင်ငံတော်ကောင်စီဝင် |
| ၈။ | ဒေါက်တာမောင်လွင် | နိုင်ငံတော်ကောင်စီဝင် |
| ၉။ | ဦးမန်းစံမြတ်ရွှေ | နိုင်ငံတော်ကောင်စီဝင် |
| ၁၀။ | ဦးလှထွန်းဖြူ | နိုင်ငံတော်ကောင်စီဝင် |
| ၁၁။ | ဒေါက်တာသိန်းအောင် | နိုင်ငံတော်ကောင်စီဝင် |
| ၁၂။ | သခင်အောင်မင်း | နိုင်ငံတော်ကောင်စီဝင် |
| ၁၃။ | ဦးကျော်စိန် | နိုင်ငံတော်ကောင်စီဝင် |
| ၁၄။ | ဦးစောအုံ | နိုင်ငံတော်ကောင်စီဝင် |
| ၁၅။ | ဦးစံထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၁၆။ | ဦးတင်ဇ(ရှမ်းပြည်) | နိုင်ငံတော်ကောင်စီဝင် |
| ၁၇။ | ဦးထင်ကျော် | နိုင်ငံတော်ကောင်စီဝင် |
| ၁၈။ | ဦးထွန်းမြတ် | နိုင်ငံတော်ကောင်စီဝင် |
| ၁၉။ | ဦးဗန်ကူး | နိုင်ငံတော်ကောင်စီဝင် |
| ၂၀။ | ဦးလဖိုင်ခွန်နောင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၁။ | ဦးလွင်(ပဲခူးတိုင်း) | နိုင်ငံတော်ကောင်စီဝင် |
| ၂၂။ | ဦးလွင်(မွန်ပြည်နယ်) | နိုင်ငံတော်ကောင်စီဝင် |
| ၂၃။ | ဦးသာကျော် | နိုင်ငံတော်ကောင်စီဝင် |
| ၂၄။ | ဦးသိုင်းသန်းတင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၅။ | ဦးအောင်ဒင် | နိုင်ငံတော်ကောင်စီဝင် |
| ၂၆။ | သခင် ခင်ဇော် | နိုင်ငံတော်ကောင်စီဝင် |
| ၂၇။ | ဦးခင်အေး | နိုင်ငံတော်ကောင်စီဝင် |
| ၂၈။ | ဦးဇော်ဝင်း | နိုင်ငံတော်ကောင်စီဝင် |
| ၂၉။ | ဦးဖော်ယူခါး | နိုင်ငံတော်ကောင်စီဝင် |
| ၃၀။ | ဦးဘသော် | နိုင်ငံတော်ကောင်စီဝင် |
| ၃၁။ | သူရဦးမင်းသိမ်း | နိုင်ငံတော်ကောင်စီဝင် |
| ၃၂။ | သူရဦးအောင်ဖေ | နိုင်ငံတော်ကောင်စီဝင် |
| ၃၃။ | ဦးချစ်လှိုင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၄။ | ဦးဂျပ်တူး | နိုင်ငံတော်ကောင်စီဝင် |
| ၃၅။ | ဦးစိုး | နိုင်ငံတော်ကောင်စီဝင် |
| ၃၆။ | ဦးစိုင်းအောင်ထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၃၇။ | ဦးစန်းမောင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၈။ | ဦးတင်အောင် | နိုင်ငံတော်ကောင်စီဝင် |
| ၃၉။ | ဦးထွန်းရင်လော | နိုင်ငံတော်ကောင်စီဝင် |
| ၄၀။ | ဦးဘလှ | နိုင်ငံတော်ကောင်စီဝင် |
| ၄၁။ | ဦးဘူးရယ် | နိုင်ငံတော်ကောင်စီဝင် |
| ၄၂။ | ဦးလှထွန်း | နိုင်ငံတော်ကောင်စီဝင် |
| ၄၃။ | ဦးဝမ်းသူဟာရှိန်း | နိုင်ငံတော်ကောင်စီဝင် |
| ၄၄။ | ဦးအောင်ဆင့် | နိုင်ငံတော်ကောင်စီဝင် |
| ၄၅။ | ဦးအုန်းကြည် | နိုင်ငံတော်ကောင်စီဝင် |
| ၄၆။ | ဗိုလ်မှူးချုပ် စန်ကြည် | နိုင်ငံတော်ကောင်စီဝင် |

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

### စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ
### သီရိပျံ့ချီဘွဲ့

| | | | |
|---|---|---|---|
| ၁။ | **ဗိုလ်မှူးချုပ်မြင့်မောင်** | **ဥက္ကဋ္ဌ** | **ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဝန်ကြီး၊ နိုင်ငံခြားရေးဌာန** |
| ၂။ | ဦးအုံးတင် | ဥက္ကဋ္ဌ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ |
| ၃။ | ဦးမြမောင် | ဝန်ကြီး | လူမှုဝန်ထမ်းဌာန/အလုပ်သမားဌာန/ ယဉ်ကျေးမှုဌာန/ပြန်ကြားရေးဌာန |
| ၄။ | ဗိုလ်မှူးချုပ်ခင်အုန်း | ဝန်ကြီး | လူမှုဝန်ထမ်းဌာန/အလုပ်သမားဌာန/ ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၅။ | ဦးအုန်းကျော် | ဝန်ကြီး | လူမှုဝန်ထမ်းဌာန/ အလုပ်သမားဌာန |
| ၆။ | **ဗိုလ်ချုပ်မြင့်လွင်** | **ဝန်ကြီး** | **ဆောက်လုပ်ရေးဌာန** |
| ၇။ | ဗိုလ်မှူးကြီးစိန်လွင် | ဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန/ သမဝါယမဌာန |
| ၈။ | ဦးစိန်ရ | ဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၉။ | ဦးအောင်ကျော်မြင့် | ဝန်ကြီး | ယဉ်ကျေးမှုဌာန/ ပြန်ကြားရေးဌာန |
| ၁၀။ | ဗိုလ်မှူးကြီးမောင်ချို | ဝန်ကြီး | သတ္တုတွင်းဌာန/ လျှပ်စစ်ဌာန/ စွမ်းအင်ဌာန/ အမှတ်(၂)စက်မှုဌာန |
| ၁၁။ | **ဦးလှဘုန်း** | **ဝန်ကြီး** | **နိုင်ငံခြားရေးဌာန** |
| ၁၂။ | **ဦးလေးမောင်** | **ဝန်ကြီး** | **နိုင်ငံခြားရေးဌာန** |
| ၁၃။ | ဦးရဲခေါင် | ဝန်ကြီး | နိုင်ငံခြားရေးဌာန/လယ်ယာနှင့်သစ်တောဌာန/ ကုန်သွယ်ရေးဌာန |
| ၁၄။ | ဦးစိန်ထွန်း | ဝန်ကြီး | လျှပ်စစ်ဌာန/ စွမ်းအင်ဌာန |
| ၁၅။ | ဗိုလ်မှူးချုပ်သန်းညွှန့် | ဝန်ကြီး | လယ်ယာနှင့် သစ်တောဌာန |
| ၁၆။ | ဦးချစ်ခင် | ဝန်ကြီး | ပြန်ကြားရေးဌာန |
| ၁၇။ | ဗိုလ်မှူးကြီးဝင်းမောင် | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၈။ | ဦးထွန်းဝေ | ဝန်ကြီး | ကျန်းမာရေးဌာန |
| ၁၉။ | ဒေါက်တာခင်မောင်ဝင်း | ဝန်ကြီး | ပညာရေးဌာန |
| ၂၀။ | ဦးကျော်ငြိမ်း | ဝန်ကြီး | ပညာရေးဌာန |
| ၂၁။ | ဦးစံဝင်း | ဝန်ကြီး | ကုန်သွယ်ရေးဌာန |
| ၂၂။ | ဦးလှအေး | ဝန်ကြီး | ကုန်သွယ်ရေးဌာန/ စက်မှုဌာန |
| ၂၃။ | ဗိုလ်မှူးကြီးစိန်ထွန်း | ဝန်ကြီး | သမဝါယမဌာန |
| ၂၄။ | ဦးသန်းလှိုင် | ဝန်ကြီး | သမဝါယမဌာန |
| ၂၅။ | ဗိုလ်မှူးကြီးဘိုနီ | ဝန်ကြီး | ပြည်ထဲရေးနှင့်သာသနာရေးဌာန |
| ၂၆။ | **ဗိုလ်ချုပ်မင်းဂေါင်** | **ဝန်ကြီး** | **ပြည်ထဲရေးနှင့်သာသနာရေးဌာန** |
| ၂၇။ | ဦးဂျီဘောမ်ယိန်း | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၂၈။ | ဒုတိယဗိုလ်မှူးကြီး လဘန်လ | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၂၉။ | ဒုတိယဗိုလ်မှူးကြီး အမ်ဇော်ယော် | ဥက္ကဋ္ဌ | ကချင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၀။ | ဦးကျော်ဒင် | ဥက္ကဋ္ဌ | ကယားပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၁။ | ဦးစောဘာနီ | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၂။ | ဦးစောအောင်ပွင့် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၃။ | ဒုတိယဗိုလ်မှူးကြီး ကပ်ကျုံနှုံး | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၄။ | ဒုတိယဗိုလ်မှူးကြီး အီးကေကင်ငင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၅။ | ဒုတိယဗိုလ်မှူးကြီး ခိုင်မွန်းမန် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၆။ | ဗိုလ်မှူးကြီးဆွန်နိုဝင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်ပြည်သူ့ကောင်စီ |
| ၃၇။ | ဗိုလ်မှူးကြီးတင်ညွှန့် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းပြည်သူ့ကောင်စီ |
| ၃၈။ | ဒုတိယဗိုလ်မှူးကြီး ဘကြည် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းပြည်သူ့ကောင်စီ |
| ၃၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းပြည်သူ့ကောင်စီ |
| ၄၀။ | ဒုတိယဗိုလ်မှူးကြီး အောင်သန်း(လေ) | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းပြည်သူ့ကောင်စီ |
| ၄၁။ | ဗိုလ်မှူးကြီး လှရွှေ | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၄၂။ | ဒုတိယဗိုလ်မှူးကြီး ထွန်းကျော် | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၄၃။ | ဗိုလ်မှူးကြီးတင်မြင့် | ဥက္ကဋ္ဌ | မကွေးတိုင်းပြည်သူ့ကောင်စီ |
| ၄၄။ | ဗိုလ်မှူးကြီးမောင်ထူး | ဥက္ကဋ္ဌ | မကွေးတိုင်းပြည်သူ့ကောင်စီ |
| ၄၅။ | ဦးအောင်ထွတ် | ဥက္ကဋ္ဌ | မွန်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၆။ | ဗိုလ်မှူးကြီး အောင်ထွန်း | ဥက္ကဋ္ဌ | မွန်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၇။ | ဦးကျော်မောင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ |
| ၄၈။ | ဒုတိယဗိုလ်မှူးကြီး အောင်သိန်း | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၄၉။ | ဒုတိယဗိုလ်မှူးကြီး ကျော်မြင့် | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၅၀။ | ဗိုလ်မှူးကြီးကျော်သိန်း | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |
| ၅၁။ | ဗိုလ်မှူးကြီးဇခိုင် | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းပြည်သူ့ကောင်စီ |
| ၅၂။ | ဗိုလ်မှူးကြီး တင်လှိုင်(လေ) | ဥက္ကဋ္ဌ | ဧရာဝတီတိုင်းပြည်သူ့ကောင်စီ |

### ဇေယျကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီးသာဝင်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းပြည်သူ့ကောင်စီ |
| ၂။ | ဗိုလ်မှူးကြီးလှဖေ | ဥက္ကဋ္ဌ | ပဲခူးတိုင်းပြည်သူ့ကောင်စီ |
| ၃။ | ဒုတိယဗိုလ်မှူးကြီးမင်းညီ | ဥက္ကဋ္ဌ | ရန်ကုန်တိုင်းပြည်သူ့ကောင်စီ |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီးအေးကို | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန |
| ၂။ | ဒေါက်တာမောင်ရှိန် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန |
| ၃။ | ဦးကျော်မြင့် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန |
| ၄။ | ဦးညွှန့်မောင် | ဒုတိယဝန်ကြီး | စီမံကိန်းနှင့်ဘဏ္ဍာရေးဌာန |
| ၅။ | ဦးပေါ်သိမ်း | ဒုတိယဝန်ကြီး | ပြည်ထဲရေးနှင့်သာသနာရေးဌာန |
| ၆။ | ဗိုလ်မှူးကြီးမောင်အုန်း | ဒုတိယဝန်ကြီး | အမှတ်(၁)စက်မှုဌာန |
| ၇။ | ဦးသိန်းမြင့် | ဒုတိယဝန်ကြီး | အမှတ်(၁)စက်မှုဌာန |
| ၈။ | ဦးလှဖေ | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဌာန |
| ၉။ | ဒေါက်တာမန်းသက်စံ | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဌာန |
| ၁၀။ | ဦးကျော်ဇ | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဌာန |
| ၁၁။ | ဦးဦးစောလှ | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဌာန |
| ၁၂။ | ဦးစောလှဖြူ | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၃။ | ဦးမျိုးမြင့် | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၄။ | ဦးဝင်းထိန် | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၅။ | ဦးကိုကိုသန်း | ဒုတိယဝန်ကြီး | သတ္တုတွင်းဌာန |
| ၁၆။ | ဦးတင်မောင် | ဒုတိယဝန်ကြီး | ပို့ဆောင်ဆက်သွယ်ရေးဌာန |
| ၁၇။ | ဦးကျင်လှိုင် | ဒုတိယဝန်ကြီး | ဆောက်လုပ်ရေးဌာန |
| ၁၈။ | ဦးစံတင့် | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၁၉။ | ဒေါက်တာချစ် | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၂၀။ | ဦးကျော်သန်း | ဒုတိယဝန်ကြီး | သမဝါယမဌာန |
| ၂၁။ | ဦးကျော်ခင် | ဒုတိယဝန်ကြီး | ကျန်းမာရေးဌာန |
| ၂၂။ | ဗိုလ်မှူးကြီးထွန်းလှဖြူ | ဒုတိယဝန်ကြီး | ကျန်းမာရေးဌာန |
| ၂၃။ | ဒေါက်တာ မောင်မောင်အေး | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၄။ | ဒေါက်တာမောင်ဒီ | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၅။ | ဦးသောင်းထွန်း | ဒုတိယဝန်ကြီး | ပညာရေးဌာန |
| ၂၆။ | ဦးကျော်ထိန် | ဒုတိယဝန်ကြီး | လယ်ယာနှင့်သစ်တောဌာန |
| ၂၇။ | ဗိုလ်မှူးကြီးအောင်ဝင်း | ဒုတိယဝန်ကြီး | လယ်ယာနှင့်သစ်တောဌာန |
| ၂၈။ | ဦးခင်မောင်ရီ | ဒုတိယဝန်ကြီး | ကုန်သွယ်ရေးဌာန |
| ၂၉။ | ဦးပေါ်ခန်သန်း | ဒုတိယဝန်ကြီး | လူမှုဝန်ထမ်းဌာနနှင့် အလုပ်သမားဌာန |
| ၃၀။ | ဦးတိုက်စိုး | ဒုတိယဝန်ကြီး | ပြန်ကြားရေးဌာန |
| ၃၁။ | ဗိုလ်မှူးကြီးအောင်ငွေ | ဒုတိယဝန်ကြီး | ပြန်ကြားရေးဌာနနှင့် ယဉ်ကျေးမှုဌာန |
| ၃၂။ | ဦးတင်အုန်း | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၃။ | ဦးစောလှိုင် | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၄။ | ဦးလှရွှေ | ဒုတိယဝန်ကြီး | နိုင်ငံခြားရေးဌာန |
| ၃၅။ | ဗိုလ်မှူးကြီး မောင်မောင်အေး | ဒုတိယဝန်ကြီး | မွေးမြူရေးနှင့်ရေလုပ်ငန်းဌာန |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၂၀ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၂၃ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၄၁၂၄၇ | ဗိုလ်မှူး | ဝင်းကျော် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | | | |
|---|---|---|---|---|
| ၁။ | ၈၆၅၂၆၉ | တပ်ကြပ်ကြီး | မျိုးမင်းအောင်၏ဇနီး ဒေါ်စန်းမြင့်လေး | အမှတ်(၃၃၆)ခြေမြန်တပ်ရင်း |
| ၂။ | ၈၇၉၇၆၆ | တပ်ကြပ်ကြီး | အောင်ကျော်ဝင်း၏ဇနီး ဒေါ်သန်းသန်းစိုး | အမှတ်(၅၃၀)ခြေမြန်တပ်ရင်း |
| ၃။ | ၈၅၂၉၁၄ | တပ်ကြပ် | သိန်းဟန်၏ဇနီး ဒေါ်ခင်နွဲ့ | အမှတ်(၃၃၆)ခြေမြန်တပ်ရင်း |
| ၄။ | တ-၂၄၀၁၄၄ | တပ်ကြပ် | ဝေယံမြင့်သူ၏ဇနီး ဒေါ်အိခိုင်အောင် | အမှတ်(၅၃၀)ခြေမြန်တပ်ရင်း |
| ၅။ | တ-၄၃၂၈၇၂ | ဒုတိယတပ်ကြပ် | ကြည်ရွှေ၏ဇနီး ဒေါ်သဲသဲကျော် | အမှတ်(၅၃၀)ခြေမြန်တပ်ရင်း |
| ၆။ | တတ-၁၂၆၂၅၂ | တပ်သား | ဝေလင်းထက်၏ဇနီး ဒေါ်ဖြိုးဖြိုးဝေ | အမှတ်(၅၃၀)ခြေမြန်တပ်ရင်း |

| | | |
|---|---|---|
| ၇။ | ဦးညီဇော်ရှိန်း | ကချင်ပြည်နယ် |
| ၈။ | ဦးဇီဆီး | ကချင်ပြည်နယ် |
| ၉။ | ဦးဖိုးမင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးပြည့်စုံဖြိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးပြည့်စုံအောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးလင်းအောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၃။ | ဦးခေတ်ပို | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄။ | ဦးပြည့်ဖြိုးအောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၅။ | ဦးအောင်ကျော်ဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၆။ | ဦးဘိုမှူး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၇။ | ဦးစံထွန်းမောင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၈။ | ဦးပြည့်ဖြိုးဇော် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၉။ | ဦးမင်းသူကျော် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၀။ | ဦးသိန်းလွင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၁။ | ဦးတင်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၂။ | ဦးရဲရင့် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၃။ | ဦးတင်ကိုဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၄။ | ဦးစိုးမင်းထွေး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၅။ | ဦးစိုးစိုး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၆။ | ဦးဟိန်းဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၇။ | ဦးသန်းနိုင် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၈။ | ဦးသက်ထွန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၂၉။ | ဦးသန်းတိုးအောင် | စစ်ကိုင်းတိုင်းဒေသကြီး |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**
**နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၂၄၀၂ | ဒုတိယဗိုလ်မှူးကြီး | တင့်လွင် | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၄၈၄၅၆ | ဗိုလ်ကြီး | မင်းထင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ကြည်း ၅၇၃၈၀ | ဗိုလ်ကြီး | အေးမင်းဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၂၁ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်**
**( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၂၃ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက စာပေနှင့် အနုပညာနယ်ပယ်တွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့**
**အလင်္ကာကျော်စွာဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး) | စာရေးဆရာ |
| ၂။ | ဦးအုံ့မောင် (အုံ့မောင်) | စာရေးဆရာ |
| ၃။ | ဦးညွန့်မောင် (မောင်မောင်ညွန့်- မန်းတက္ကသိုလ်) | စာရေးဆရာ |
| ၄။ | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) | စာရေးဆရာ |
| ၅။ | ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး(ငြိမ်း) (တင်သန်းဦး) | စာရေးဆရာ/ ဒါရိုက်တာ |
| ၆။ | ဦးသိန်းထွန်း(PEPSI) | မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သူ (ထွန်းဖောင်ဒေးရှင်း) |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Thushara Fernando ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၃

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသော Dr. Thushara Fernando ဦးဆောင်သောအဖွဲ့ကို နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နှစ်ပေါင်းများစွာ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများစွာ ရရှိခဲ့ပါကြောင်း နှုတ်ခွန်းဆက်ပြောကြား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်ဆေးကုသမှုပညာရပ်များ သင်တန်းပေးနိုင်ရေးကိစ္စ၊ ကင်ဆာရောဂါ ခွဲစိတ်ကုသခြင်းနှင့် အဏုမြူရောင်ခြည်ဆေးကုသမှုဆိုင်ရာ သင်တန်းများ စီစဉ်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ကာကွယ်ဆေးများ တိုးချဲ့ထိုးနှံရေး၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စု ဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ ညွှန်ကြားရေးမှူးချုပ် (ကုသရေးဦးစီးဌာန) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင်ကျင်းပပြုလုပ်သည့် (၁၂) ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Fourm ATOMEXPO 2022 ) ဒုတိယနေ့သို့ တက်ရောက်ဆွေးနွေး




**နေပြည်တော် နိုဝင်ဘာ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်တို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၂၂ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Sochi မြို့တွင် ကျင်းပပြုလုပ်သည့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Fourm ATOMEXPO 2022 ) ဒုတိယနေ့အခမ်းအနားသို့ တက်ရောက်ကြသည်။

**သိရှိလိုသည်များ မေးမြန်းဆွေးနွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဦးဆောင်သည့် မြန်မာကိုယ်စားလှယ်ဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူ (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) (XII International Fourm ATOMEXPO 2022) တွင် ခင်းကျင်းပြသထားသည့် နိုင်ငံတကာမှ နျူကလီးယားနှင့် ပတ်သက်ဆက်စပ်သော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ထားရှိမှု၊ နျူကလီးယားဆေးပညာဆိုင်ရာပြခန်းများ၊ Safety ဝတ်စုံများ ခင်းကျင်းပြသထားမှု၊ Research Reactor များအတွက် စက်ပစ္စည်းထုတ်လုပ်မှုပြခန်းများကို လိုက်လံကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များအား မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် နျူကလီးယားစွမ်းအင်အား ငြိမ်းချမ်းသော ရည်ရွယ်ချက်ဖြင့် အသုံးပြု၍ လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် စူးစမ်းလေ့လာတိုင်းတာမှုဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Rosatom ကုမ္ပဏီနှင့် မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MOU) ကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် Sirius Park of Science and Art ရှိ Atom ခန်းမတွင် ပြုလုပ်သည့် မျက်နှာစုံညီအစည်းအဝေး( Plenary Session) တွင် “Nuclear Spring: creating sustainable future” ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုကို တက်ရောက်ဆွေးနွေးသည်။ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ၂၀၂၂ ခုနှစ် ATOMIC ဖိုရန်ကို တက်ရောက်ရန်ဖိတ်ကြားပေးသည့် Rosatom ၏ အကြီးအကဲ၊ ဥက္ကဋ္ဌ အလက်ဆီလီကာချော့အား ကျေးဇူးတင်ရှိပါကြောင်း၊ တည်ဆောက်ပြီး Nuclear Power Plant ၊ Small Scale Hydropower Plant ၊ Wind Power နှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာအတွက် ကျောင်း၊ တက္ကသိုလ်များကို လိုက်လံပြသသည့်အပြင် Nuclear စွမ်းအင်ဆိုင်ရာ လက်မှတ်ရေးထိုးနိုင်သည့်အတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ မိတ်ဖက်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ်မြောက်စိန်ရတုသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ အဆိုပါ စိန်ရတုအပြီးနောက်ပိုင်းတွင်လည်း နှစ်ပေါင်းကြာရှည်စွာ စီးပွားရေး၊ လူမှုရေး၊ နည်းပညာစသော ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း။



၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် ဗလာဒီဗော့စတော့ခ်မြို့တွင် ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7[th] Eastern Economic Forum – 2022) သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်စဉ်က FEFU Campus တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံရာ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံရေးနှင့် Nuclear စွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အသုံးချနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း၊ ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ်မှ (၇) ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေး (Plenary Session) ၌လည်း ပါဝင်တက်ရောက်ပြီး စားနပ်ရိက္ခာလုံခြုံရေး (Food Security) ကဏ္ဍတွင် မြန်မာနိုင်ငံ၏အရေးပါမှုနှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခွင့်အလမ်းကောင်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း။

**ရင်းနှီးမြှုပ်နှံနိုင်မှုဆိုင်ရာများဆွေးနွေး**

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ကမ်းလွန်လုပ်ကွက်များရှိကြောင်း၊ ထို့ပြင် ရေအားအရင်းအမြစ်များ၊ ဆိုလာနှင့် Wind Power ထုတ်လုပ်နိုင်သည့် နေရာများစွာရှိသည့်အတွက် စိတ်ပါဝင်စားသူများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ကြားပါကြောင်း၊ ယခုအချိန်တွင် နိုင်ငံတော်ကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များနှင့် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွင်း ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Rosatom နှင့်ပူးပေါင်းပြီး Small Moduler Reactor (SMR) အပြင် အသေးစား ရေအားနှင့် Wind Power များကိုလည်း ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသည် များစွာလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိနိုင်ရေး အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းပြောကြားပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ပိုင်းဆိုင်ရာများနှင့် စက်မှုလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံများမှ နျူကလီးယားနည်းပညာအသစ်ဖြင့် ဆောင်ရွက်ထားသော အသေးစားဓာတ်အားပေးစက်ရုံ Small Modular Reactor – SMR သည် နေရာအကျယ်အဝန်းမြောက်မြားစွာမလိုခြင်း၊ ဓာတ်အားခဈေးနှုန်းသက်သာခြင်း၊ နိုင်ငံစီးပွားအတွက် များစွာအထောက်အကူဖြစ်ခြင်း၊ အချိန်တိုကာလအတွင်း တည်ဆောက်နိုင်ခြင်း၊ အထူးသဖြင့် ဝေးလံခေါင်သီသော နေရာများ၊ စက်မှုဇုန်များအား သီးခြားဓာတ်အားပေး ဆောင်ရွက်နိုင်ခြင်းစသည့် အားသာချက်များရှိသည့်အတွက် နိုင်ငံတကာ လက်ရှိကြုံတွေ့နေရသော စွမ်းအင်အခက်အခဲအား ကျော်လွှားနိုင်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများက အလှည့်ကျဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mikhail Chudakov က ပြည်ထောင်စုဝန်ကြီးများနှင့် အလွတ်သဘောလာရောက်တွေ့ဆုံ၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မျက်နှာစုံညီအစည်းအဝေး (Plenary Session: Floating Nuclear Power Plant) သို့ တက်ရောက်ပြီး လက်ရှိမျက်မှောက် ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကြပြီး ဖြစ်နိုင်ခြေကို ဆန်းစစ်လေ့လာသုံးသပ်ကြသည်။

ထို့နောက် ရုရှားအကယ်ဒမီသိပ္ပံ (Russian academy of science) မှ ဒုတိယဥက္ကဋ္ဌက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှုဖိုရမ် (၂၀၂၂) တွင် လာရောက်တွေ့ဆုံပြီး **(ဝဲပုံ)** မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ ကျွမ်းကျင်မှုပြည့်ဝသော ပညာရှင်များ ပြုစုပျိုးထောင်နိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများအား လျင်မြန်စွာ လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## တောင်တွင်းကြီး - အောင်လံ ကားလမ်းမကြီးနှင့် ဆက်သွယ်ထားသော ရွှေအင်ပင်ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တောင်တွင်းကြီးမြို့နယ်အတွင်း တောင်တွင်းကြီး–အောင်လံကားလမ်းမကြီးနှင့် ဆက်သွယ်ဖောက်လုပ်ထားသော ရွှေအင်ပင်ကျေးရွာ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်မှုမှာ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းပြီးစီးမှုအခြေအနေများကို မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးစိုးမင်းထွန်းနှင့် တာဝန်ရှိများ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာချင်းဆက်လမ်းလုပ်ငန်းဖြစ်သည့် တောင်တွင်းကြီး–အောင်လံ ကားလမ်းမကြီးနှင့်ဆက်သွယ်ဖောက်လုပ်ထားသည့် ရွှေအင်ပင်လမ်းမှာ အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၆ လက်မဖြစ်ပြီး မြေသားလမ်းတင်ခြင်းနှင့် မြေနီခင်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၆ သန်းဖြင့် စက်တင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# "တိုင်းပြည်နဲ့ လူမျိုးကို စောင့်ရှောက်တဲ့ စာပေတွေ များများပေါ်ထွက်ဖို့ အရေးကြီးပါတယ်"

**အရှင်ရေဝတ(ရွှေကွမ်းသား)**

နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးနှင့် မြန်မာစာပေအကျိုးတို့ကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် ယနေ့တွင် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ခမ်းခမ်းနားနားကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်၍ စာပေဆုများကို ချီးမြှင့်ပေးအပ်ခဲ့သည်။ ထိုသို့ချီးမြှင့်ပေးအပ်ခဲ့ရာ ဆုရရှိခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် အနုပညာရှင်များ၏ ရင်တွင်းပီတိစကားသံများကို အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်။





အလင်္ကာကျော်စွာ စည်သူဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ)



ဦးစိုးတင့် (စိုးတင့်-ရောဝတီ)



ဦးမော်သာထွေး



အရှင်ရေဝတ(ရွှေကွမ်းသား)

**အလင်္ကာကျော်စွာ စည်သူဦးကျော်ဇင်ညွန့် (တက္ကသိုလ်မြတ်သူ)**
**၂၀၂၂ ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရှင်**

စာပေတစ်သက်တာဆုဆိုတဲ့အတိုင်း ကျွန်တော့် တစ်သက်လုံးကလည်း စာပေနဲ့နေလာခဲ့တာပါ။ အသက် ၁၃ နှစ်ကတည်းက ကဗျာရေးဖို့ စပြီး ကြိုးစားခဲ့ပါတယ်။ ဒီနေ့အထိဆိုရင် အသက်က ၉၂ နှစ်ထဲရောက်ပြီး စာရေးသက်က ၇၇ နှစ် ရှိပါပြီ။ သတင်းစာတိုက် ကိုးတိုက်မှာ သတင်းထောက်ကနေ အယ်ဒီတာချုပ်အထိလုပ်ခဲ့တာ ဖြစ်တဲ့အတွက် သတင်းစာအသက်ကလည်း ၆၆ နှစ် ရှိပါပြီ။ တစ်သက်လုံးမှာ ရသစာပေလို့ပြောတဲ့ ကဗျာ၊ ဝတ္ထု၊ ပြဇာတ်တွေကိုလည်း ရေးခဲ့ပါတယ်။ သုတ စာပေဖြစ်တဲ့ သတင်းစာပညာကျမ်း စသဖြင့် အခုထိ မှတ်မိနေတုန်းပါ။ ဒီမှတ်မိတာတွေ၊ ကိုယ်သိတာတွေ ကို နောက်ဘဝယူသွားလို့မရတဲ့အတွက် ထားခဲ့ဖို့ သင်တန်းမှန်သမျှ လိုက်ပြောတယ်၊ စာတွေရေး တယ်။ နိုင်ငံပိုင်သတင်းစာတွေမှာ ၈ လေးလုံးပြီး တော့ ရေးတဲ့သူ ရှားသွားတာနဲ့ တစ်နေ့တည်း လေးငါးပုဒ်ရေးတော့ ကလောင်နာမည်တွေက ပွားပွားသွားတယ်။ ကလောင်နာမည်ခွဲက ၁၉၇ ခု ရှိတယ်။ အပုဒ်ရေ နှစ်သောင်းကျော်နဲ့ သတင်းစာ အယ်ဒီတာခေါင်းကြီးပိုင်း တစ်ထောင်ကျော် ရေးခဲ့ ပြီးပါပြီ။ ဝတ္ထုစာအုပ် ၁၈ အုပ်၊ ကဗျာစာအုပ် တစ်အုပ် နဲ့ သုတစာအုပ် ၆၀ ကျော် ရေးခဲ့ပါတယ်။ အခု လည်း တစ်နေ့တစ်ပုဒ်တော့ ပုံမှန်ရေးနေပါတယ်။ မရေးရရင်ကို မနေနိုင်ဘူး။ ဒီလို အမျိုးသားစာပေ တစ်သက်တာဆုကို ရရှိခဲ့တဲ့အတွက် ဝမ်းသာပါ တယ်။ အခုလို ဆုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော် ဝန်ကြီးချုပ်နဲ့တကွ တာဝန်ရှိသူအားလုံးကို ကျေးဇူး တင်ပါတယ်။

**ဦးစိုးတင့် (စိုးတင့်-ရောဝတီ)**
**၂၀၂၂ ခုနှစ် အမျိုးသားစာပေဆုရှင်**

ကျွန်တော်ရရှိတဲ့ဆုကတော့ အမျိုးသား စာပေဆု စာပဒေသာဆု ဖြစ်ပါတယ်။ ကျွန်တော်က ငယ်ငယ်လေးကတည်းက စာရေးတာကို ဝါသနာပါ ခဲ့ပါတယ်။ ၉ တန်းကတည်းက နံရံကပ်စာစောင်တွေ မှာစတင်ပြီး ဆောင်းပါးလေးတွေ ရေးရင်းကနေ တဖြည်းဖြည်း ဝါသနာပါလာတာဖြစ်ပါတယ်။ ၁၀ တန်းအောင်လို့ တပ်ထဲရောက်တော့ တပ်ထဲမှာ ဒုတိယဗိုလ်ကနေ ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်တဲ့ကာလမှာ စာပေနဲ့ အဆက်ပြတ်သလို ဖြစ်သွားပါတယ်။ ပထမဆုံး စက်မှု (၂) ကနေ ပို့ဆောင်ရေးကို အထွေထွေမန်နေဂျာ နဲ့ ရောက်သွားပြီးနောက်မှာ ဌာနရဲ့ ကောင်းရာ ကောင်းကျိုးတွေကို မီဒီယာသမားတွေနဲ့ စာအုပ် စာပေတွေရေးရင်းကနေစပြီး များများစားစား ရေးဖြစ် တယ်။ မဂ္ဂဇင်းတွေနဲ့ နှစ်ပတ်လည်မဂ္ဂဇင်းတွေ ထုတ်တယ်။ ဌာနရဲ့အကြောင်းကို သတင်းစာတွေ ထဲမှာ ထည့်တယ်။ တချို့မှတ်သားသင့်တဲ့ အချက် အလက်တွေကို စွယ်စုံကျမ်းကိုပို့ပြီး အလုပ်တွေ လုပ်ရင်း စာပေသမားတွေနဲ့ရင်းနှီးပြီး ကိုယ်ကိုယ် တိုင်လည်း စာပေကို လုပ်ဖြစ်လာပါတယ်။ ပင်စင် ယူပြီးနောက်ပိုင်းမှာ ပိုပြီးတော့ စာတွေရေးဖြစ်လာ ပါတယ်။

ကိုဗစ်ကာလရောက်တဲ့အချိန် မေမြို့မှာ နေရင်း "ဖိုးထောင်ဇာတ်လမ်းစုံ" စာအုပ်ကို ရေးဖြစ်ပါတယ်။ အရင်ရေးတုန်းကလည်း "ချစ်သော ရောဝတီနှင့် ကျွန်တော် ဘဝမှတ်တမ်းများ" စာအုပ်နဲ့ ၂၀၁၆ ခုနှစ်မှာ ပခုက္ကူဦးအုန်းဖေ စာပေဆုကိုရရှိခဲ့ပါတယ်။ အခုကတော့ ဒုတိယအကြိမ် ရရှိတာဖြစ်ပါတယ်။ နိုင်ငံတော်ကနေ အသိအမှတ်ပြုတဲ့အတွက် ဝမ်းသာ ပါတယ်။ ကျွန်တော်တို့မှာလည်း တာဝန်ကြီးသွားပြီ လို့ ခံယူပါတယ်။ နောက်တစ်ခုကလည်း ခေတ်ကာလ အခြေအနေနဲ့ ပြောရမယ်ဆိုရင် ဒီလိုမျိုးတွေ များများလုပ်ပေးရမှာ ဖြစ်ပါတယ်။ လူငယ်တွေဟာ ကိုယ့်စာပေ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုဓလေ့ တွေကို သိရှိနားလည်ပြီး ချစ်မြတ်နိုးမှ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အဘက်ဘက်ကနေ လိုအပ်နေတဲ့ အရာတွေကို ကာကွယ်တဲ့အပြင် ဖွံ့ဖြိုးတိုးတက် အောင် လုပ်နိုင်မှာဖြစ်ပါတယ်။ တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ်ဓာတ်ကို ဖြစ်ပေါ်စေတဲ့ ဒီစာပေကတော့ မဖြစ်မနေ ဦးစားပေးပြီး ဆောင်ရွက်ရမယ့် အနေ အထား ဖြစ်ပါတယ်။ အခုလို စာပေဆုပေးပွဲကြီး ကို နိုင်ငံတော်အကြီးအကဲနဲ့ နိုင်ငံတော်ကနေ အသိအမှတ်ပြုပြီး ဆောင်ရွက်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

မျိုးဆက်သစ်လူငယ်တွေကို ပြောချင်တာက ကျွန်တော်တို့ တိုင်းပြည်ရဲ့အနေအထားက ကုန်းပိုင်း မှာဆို အရှေ့တောင်အာရှအာဆီယံမှာဆိုရင် အကြီးဆုံးဖြစ်ပါတယ်။ ကျွန်းမှာဆိုရင် အင်ဒိုနီးရှား က အကြီးဆုံးပေါ့နော်။ ကုန်းပိုင်းမှာ အကြီးဆုံးဖြစ် တဲ့ ပတ်ဝန်းကျင်နိုင်ငံတွေကလည်း တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ ယိုးဒယားတို့ စတဲ့နိုင်ငံတွေနဲ့ ထိတွေ့ပြီးတော့ စျေးကွက်ကလည်း ကြီးတယ်။ သယံဇာတနဲ့ လူဦးရေ အင်မတန်မျှတတယ်။ မြန်မာဟော့လို့ဆိုပြီး ကျယ်ကျယ်ဝန်းဝန်းနဲ့ ကိုယ့် ဘာသာ သာသနာနဲ့နေနိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက် ရှေးက နောင်တော်တွေကို ကျေးဇူးတင်ရမှာ ဖြစ်ပါ တယ်။ ဒီလို တန်ဖိုးထားသင့်တဲ့အရာတွေကို တန်ဖိုးထားပြီး ဆက်လက်ထိန်းသိမ်းဖို့ဆိုတာ စာပေကနေပဲရမှာဖြစ်တယ်။ စာပေတွေကို မဖတ်တဲ့ အခါ ဒီသမိုင်း၊ ဗဟုသုတတွေကို မသိတော့ မျိုးချစ် စိတ်လည်း မရှိဘူးလို့ အကြမ်းဖျင်းပြောရမှာ ဖြစ်ပါ တယ်။ စာပေဖတ်ခြင်းအားဖြင့် တဖြည်းဖြည်း မျိုးချစ်စိတ်တွေ ပို၍ ထက်သန်လာပြီး တိုင်းပြည် အတွက် သားကောင်းရတနာတွေ ဖြစ်လာမှာ ဖြစ်ပါ တယ်။ အဲဒီလို တိုင်းပြည်ရဲ့ သားကောင်းရတနာတွေ နဲ့ တိုင်းပြည်ကိုချစ်တဲ့လူငယ်တွေက တကယ်ကို ရိုးသားပြီး အဖွဲ့အစည်းတစ်ခုကို တည်ထောင်နိုင် ရင်တော့ ကျွန်တော်တို့ရရှိထားပြီး သဘာဝက ပေးထားတဲ့ တန်ဖိုးရှိတဲ့အရာတွေကို ပေါင်းစပ်မယ် ဆိုရင် တကယ်ဖွံ့ဖြိုးတိုးတက်မယ့် နိုင်ငံတစ်ခု မလွဲမသွေဖြစ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒါကြောင့် စာကို ဖတ်စေချင်ပါတယ်။ လူငယ်တွေ စာဖတ်ကြပါ။ တိုင်းပြည်ကို ချစ်ကြပါ။ နိုင်ငံတိုင်းမှာ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို ချစ်ကြတယ်။ ကျွန်တော်တို့လည်း ချစ်မှဖြစ်မယ်ဆိုတာကိုတော့ ခေါင်းထဲမှာ အမုန်းတရားတွေဖယ်ပြီး ရှင်းရှင်း လင်းလင်းသိအောင်လုပ်ပြီး တိုင်းပြည်ကို တစ်ထောင့် တစ်နေရာကနေ လူငယ်တွေက ဖွံ့ဖြိုးတိုးတက် အောင် လုပ်ဆောင်ပေးကြပါလို့ အထူးတိုက်တွန်း လိုပါတယ်။

**ဦးမော်သာထွေး**
**၂၀၂၂ ခုနှစ် အမျိုးသားစာပေဆုရှင်**

ဒီဆုကိုရရှိတဲ့ စာအုပ်ကတော့ ငါးအုပ်မြောက် ရေးတဲ့ စာအုပ်ဖြစ်ပါတယ်။ နောက်မှာလည်း နှစ်အုပ် ထပ်ရေးသားထားပါတယ်။ ဆုချီးမြှင့်ပွဲတွေ ကို နှစ်တိုင်းကျင်းပတာကတော့ ဂုဏ်ပြုကြသူများ ကို ဂုဏ်ပြုခြင်း၊ ဆုပေးအပ်သူများကို ဆုပေးခြင်း ဖြစ်ပါတယ်။ ကျွန်တော်ပိုပြီး သတိထားမိလာတာ ကတော့ မနှစ်ကနဲ့ ဒီနှစ်မှာ အရှိန်အဟုန်နဲ့ ဆောင် ရွက်လာတာ မြင်ရပါတယ်။ အားကစားဆိုလည်း အားကစား၊ ယဉ်ကျေးမှုဆိုလည်း ယဉ်ကျေးမှု၊ အနုပညာဆိုလည်း အနုပညာ၊ စာပေဆိုလည်း စာပေ ပိုပြီးတော့ အလေးနက်ထား အားပေးလာ တယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က Video Clip လောက်နဲ့တင် နှုတ်ဆက်တာ မဟုတ်တော့ဘဲ နေရာတိုင်းကို အရောက်သွားပြီး နိုင်ငံရဲ့ဖွံ့ဖြိုးမှုတွေ ကို အထူးအာရုံစိုက်ချင်တဲ့အတွက်ကြောင့် အပင်ပန်း ခံပြီးတော့လုပ်နေတာ တွေ့ရပါတယ်။ အဓိကတော့ အဲဒီထဲမှာ ကျွန်တော်တို့နဲ့ သက်ဆိုင်တဲ့ အမျိုးသား စာပေ၊ နိုင်ငံတော်စာပေ မြှင့်တင်ရေးအတွက် အားသွန်ခွန်စိုက်လုပ်နေတာ တွေ့ရတဲ့အတွက် ဝမ်းသာပါတယ်။

ကျွန်တော်ရေးတိုင်း ကျွန်တော့်ရဲ့ စာပေ အားနည်းချက်လို့ ပြောလို့ရတဲ့ အချစ်ဝတ္ထု၊ သာမန် ဖန်တီးတဲ့ ဝတ္ထုတွေကို မရေးတတ်ပါဘူး။ ကျွန်တော် လုပ်ငန်းနဲ့ ဘဝကရခဲ့တဲ့ အတွေ့အကြုံတွေ၊ စာဖတ် အားတွေနဲ့ပေါင်းပြီး ပြည်သူကို ဗဟုသုတရစေချင် တဲ့ စာတွေကိုပဲ ဦးစားပေးပြီး ရေးပါတယ်။ အခု ဆုရရှိတဲ့စာအုပ်ကို ဘာဖြစ်လို့ ရေးရသလဲဆိုရင် နိုင်ငံတော်က လျှပ်စစ်နဲ့စွမ်းအင်အကျပ်အတည်း ဖြစ်တော့မယ်ဆိုတာကို ကျွန်တော်က ကြိုမြင်တယ်။ ဘာကြောင့်လည်းဆိုတော့ ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာကြည့်တယ်။ မြန်မာနိုင်ငံ အရေး၊ အရှေ့၊ အနောက်အရေးတွေကို ခြုံငုံသုံးသပ်ပြီး ရှေ့မီ၊ နောက်မီ၊ အလယ်မီဆိုတဲ့ အနေအထားမှာ သိစေ ချင်တဲ့အတွက် ကိန်း၊ ဂဏန်း ၊ ဇယား ၊ မှတ်တမ်း အပြည့်အစုံနဲ့ စာမျက်နှာ ၄၅၀ လောက်ရှိပါတယ်။ မြန်မာနိုင်ငံက လျှပ်စစ်နဲ့ စွမ်းအင်အကျပ်အတည်း ကို ရုန်းထွက်ဖို့ဆိုရင် ဒီစာအုပ်ကို ပြည်သူတွေ လက်ထဲကို ရောက်စေချင်တယ်။ ဒါကြောင့် အားလုံး ကို ခြုံငုံပြီး ပြည်သူတွေဖတ်လို့၊ နားလည်လို့ လွယ်အောင် ကျွမ်းကျင်မှုဘာသာရပ်တွေကို သာမန်လူတွေနားလည်နိုင်အောင်အထိ ချပြီးတော့ ရေးထားတာဖြစ်ပါတယ်။ ဒီစာအုပ်နဲ့ ပတ်သက် ပြီးတော့ ဆုရတဲ့အတွက်ကြောင့် ကျွန်တော်နဲ့ ကျွန်တော်ရဲ့

*စာမျက်နှာ ၁၅ သို့*

# Naypyitaw State Academy တွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၂၃

**Naypyitaw State Academy တွင် တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေစေရန် ကျောင်းဖယ်ရီကားများပြေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ Naypyitaw State Academy အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က Naypyitaw State Academy ၏ မျှော်မှန်းချက်၊ ဖွဲ့စည်းပုံ၊ အကျယ်အဝန်း၊ လက်ရှိသင်ကြားဆောင်ရွက်နေမှု၊ မြို့နယ်အလိုက်၊ ဝန်ကြီးဌာနအလိုက် ကျောင်းတက်ရောက်မှု၊ ဆက်လက်တိုးချဲ့ သင်ကြားဆောင်ရွက်ရန် စီစဉ်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြစ်သော မြို့နယ်အသီးသီးမှ Naypyitaw State Academy သို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေစေရေး၊ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေကို ပညာရေးမြို့တော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ပညာရေးဝန်ကြီးဌာနနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးနှင့် နေပြည်တော်ကောင်စီတို့က ကဏ္ဍအသီးသီးတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က Naypyitaw State Academy တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများသာမက နေပြည်တော် နည်းပညာတက္ကသိုလ်၊ အစိုးရစက်မှု၊ လက်မှုသိပ္ပံ(နေပြည်တော်) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်)တို့မှ ကျောင်းသားများပါ စိတ်အေးချမ်းသာစွာ ကျောင်းတက်ရောက်နိုင်ရေးအတွက် ဖယ်ရီကားများ ပြေးဆွဲဆောင်ရွက်ပေးနိုင်ရေးအတွက် ခရိုင်/ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ ဌာနအသီးသီးနှင့် မထသ(မြို့တွင်း) ဥက္ကဋ္ဌ၊ မထသ(အဝေးပြေး)ဥက္ကဋ္ဌများက ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရေး အသေးစိတ် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် Naypyitaw State Academy တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ တတိယနှစ်အတန်းများတွင် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ(**အပေါ်ပုံ**) ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြကာ အားကစားခန်းမနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၄ မှ*

စာဖတ်ပရိသတ်ကြီးအတွက်ပါ ဝမ်းသာကြောင်း ပြောလိုပါတယ်။ အခုစာအုပ်ကတော့ အင်္ဂလိပ်လို ရေးသားထားတာ ဖြစ်ပါတယ်။ ဒီစာအုပ်ရဲ့ရှေ့မှာ မြန်မာလို ရေးသားထားတဲ့ စာအုပ်ကတော့ ထွန်းဖောင်ဒေးရှင်းဆုပဲ ရရှိပါတယ်။

ဆရာဇော်ဂျီရဲ့ စကားလေးကို ကျွန်တော် မှတ်ထားပါတယ်။ စာကောင်းပေကောင်း ဖြစ်ချင်ရင် စိတ်ကောင်းအရင်ထားပါ။ အဲဒီစကားလေးက တန်ဖိုးသိပ်ရှိပါတယ်။ ပြည်သူတွေကို ဘယ်လို အကျိုးရှိစေချင်တာလည်းဆိုတဲ့ စိတ်လေးထားပါ။ ပြည်သူတွေကို အသိဉာဏ်ဗဟုသုတပေးချင်တယ်ဆိုတဲ့ စိတ်လေးနဲ့ပဲ ရေးခဲ့တာဖြစ်တဲ့အတွက်ကြောင့် အချို့စာရေးဆရာကြီးတွေလို အကွန့်အညွန့် အဖွဲ့အနွဲ့လေးတွေ အားနည်းကောင်း အားနည်းနိုင်ပါတယ်။ ဒါပေမယ့် ဖြစ်ချင်တဲ့အချက်အလက်၊ ကိန်းဂဏန်းနဲ့ စေတနာကိုတော့ အဲဒီထဲမှာ ထည့်ထားပါတယ်။ မျိုးဆက်သစ်စာရေးဆရာများနဲ့ ကိုယ့်ထက်ကြီးတဲ့ နောင်တော်ကြီးများ၊ ညီအစ်ကိုမောင်နှမများအနေနဲ့ အားထုတ်ပြီး ပြည်သူတွေ အကျိုးရှိအောင် စိတ်ကောင်းစေတနာကောင်းနဲ့ ရေးကြဖို့ အာရုံစိုက်ပေးကြပါလို့ ကျွန်တော်က မေတ္တာရပ်ခံလိုပါတယ်။

**ဒေါက်တာ သန်းထိုက်**

**၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုရှင်**

ကျွန်တော် ဒီဆုကိုရရှိတဲ့အတွက် ဝမ်းသာပါတယ်။ နောက်ပိုင်းမှာ အကျိုးရှိတဲ့ စာပေတွေကို ရေးနိုင်အောင် ကြိုးစားနေပါတယ်။ အခုက အသုံးချသိပ္ပံကိုပဲ ဦးစားပေးနေပါတယ်။ တကယ်ကို




ဒေါက်တာ သန်းထိုက်



ဒါရိုက်တာ ဦးကြည်စိုးထွန်း

အကျိုးရှိမယ့် လုပ်ငန်းရှင်တွေအတွက် အကျိုးရှိမယ့် အရာတွေကိုရွေးပြီးတော့ ရေးလေ့ရေးထ ရှိပါတယ်။ ဆုရရှိမယ်လို့လည်း မမျှော်လင့်ပါဘူး။ စာပေသမားလောကကြားမှာ အခုလိုစပြီးတော့ ဆုရရှိတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အခုဆုရတဲ့ စာအုပ်က စားသောက်ကုန်လုပ်ငန်းရှင်၊ တက္ကသိုလ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းတွေကို ပညာပေးဖို့ ရေးသားထားတဲ့ စာအုပ်ဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။ နောက်ထပ်စာတွေကို ဆက်ရေးဖို့ ခွန်အားပေးတဲ့ သဘောဖြစ်ပါတယ်။

**အရှင်ရေဝတ(ရွှေကွမ်းသား)**

**၂၀၂၁ ခုနှစ် စာပေဗိမာန်စာမူဆုရှင်**

ဆရာတော်က သုတပဒေသာ (ဝိဇ္ဇာ) ဒုတိယဆုကို လာရောက်ယူတာ ဖြစ်ပါတယ်။ သမိုင်းတွေကို အဓိကထားရေးသားတာဖြစ်ပါတယ်။ တွံတေးသမိုင်းလည်း ရေးထားသေးတယ်။ အခုလက်ရှိရတာကတော့ ဘိုကလေးရဲ့ မှတ်တမ်းဇာတ်လမ်း အလင်္ကာ သမိုင်းဖြစ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ နိုင်ငံမှာ သမိုင်းတွေပျောက်သွားရင် လူမျိုးတွေ ပျောက်ဖို့ပဲရှိတော့တယ်။ ဦးပဉ္ဇင်းတို့က ကိုယ့်နိုင်ငံရဲ့ သမိုင်းတွေ မပျောက်ပျက်အောင်၊ မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်အောင်၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ သာသနာကို ထိန်းသိမ်းတတ်လာအောင် ဒါတွေကို ရှေးရှုပြီးတော့ ရေးသားတာများပါတယ်။ အခုလို နိုင်ငံတော်အကြီးအကဲတွေက ဆုတွေနဲ့ ချီးမြှောက်တာကိုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ မျိုးဆက်သစ်လူငယ်တွေ သမိုင်းတွေကို မပျောက်ပျက်အောင် ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ သာသနာကို စောင့်ရှောက်လာအောင်၊ ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်အောင် ကြိုးစားစေချင်ပါတယ်။ အရင်တုန်းက အခုလိုဆုမျိုးမရပါဘူး။ သာမညဆုလေးပဲ ရရှိဖူးပါတယ်။ ဒီဆုကတော့ ပထမဦးဆုံးဆုဖြစ်ပါတယ်။ ယဉ်ကျေးမှုတွေ မပျောက်ပျက်မှ လူမျိုးမပျောက်မှာ ဖြစ်တယ်။ လူမျိုးမပျောက်မှ တိုင်းပြည်မပျောက်မှာဖြစ်တယ်။ တိုင်းပြည်နဲ့ လူမျိုးကိုစောင့်ရှောက်တဲ့ စာပေတွေများများ ပေါ်ထွန်းဖို့ အရေးကြီးပါတယ်။

**ဒါရိုက်တာ ဦးကြည်စိုးထွန်း**

ဘယ်အနုပညာ လုပ်ငန်းပဲဖြစ်ဖြစ်၊ ဘယ်လုပ်ငန်းဖြစ်ဖြစ် စာပေက အဓိကကြပါတယ်။ ဆရာတို့ ရုပ်ရှင်ဆိုရင်လည်း စာပေက အရေးကြီး သလိုဂီတဆိုရင်လည်း စာပေက အရေးကြီးပါတယ်။ အစစအရာရာ စာပေကိုတော့ မြှင့်တင်ပေးရမှာ ဖြစ်ပါတယ်။ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ စာဖတ်ဖို့ လိုပါတယ်။ ဒါမှသာ စာပေရဲ့ အနှစ်သာရကို သိမယ်။ စာပေက အသိတရားတွေကိုလည်း ရမယ်။ အဲဒါကြောင့် လူငယ်တွေအနေနဲ့ စာဖတ်ဖို့ လိုပါတယ်။ စာပေဆုရွေးချယ်တဲ့ ပုဂ္ဂိုလ်တွေထဲမှာလည်း ဆရာကပါနေတယ်။ ပြဇာတ်စာပေက မထွန်းကားဘူး။ တစ်အုပ်၊ နှစ်အုပ်တောင် မတွေ့ရဘူး။ ဒါကြောင့် ပြဇာတ်စာပေတွေကို ဝါသနာရှိတဲ့သူတွေကရေးကြပါလို့ ပြောချင်ပါတယ်။ ဒီနှစ်ဆုပေးပွဲမှာလည်း ဆုရရှိတဲ့ထဲမှာ ပြဇာတ်စာပေဆု မပါတာကို တွေ့ရပါလိမ့်မယ်။ ပြဇာတ်စာပေတွေကို အမွေပေးနိုင်အောင် ပြဇာတ်စာပေရေးကြပါ။ ပြဇာတ်စာပေကိုလည်း အားပေးကြပါလို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း- ဟိန်းမင်းစိုး၊ သန်းမင်းအောင်၊ အောင်ရဲသွင်**

**ဓာတ်ပုံ-မျိုးဆက်သစ်**



## ဗန်းမော်မြို့ နည်းပညာတက္ကသိုလ်တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆို

**ဗန်းမော် နိုဝင်ဘာ ၂၃**

ကချင်ပြည်နယ် ဗန်းမော်မြို့ နည်းပညာတက္ကသိုလ် Assembly Hall တွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်မြို့ နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းအောင်က ဘာသာရပ်လေးမျိုး သင်ကြားပေးမည်ဖြစ်ကြောင်း၊ ခြောက်နှစ်တာ ပညာသင်ကြားအောင်မြင်ပြီးပါက (BE) ဘွဲ့ ရရှိမည်ဖြစ်ကြောင်း၊ နည်းပညာတက္ကသိုလ်တွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများ လိုက်နာရမည့် စည်းကမ်းများနှင့် ဆောက်လုပ်ထားသည့် အဆောက်အအုံများကို ရှင်းလင်းပြသသည်။ ထို့နောက် ဘာသာရပ်အလိုက် ကထိက ဆရာ ဆရာမများက မိတ်ဆက်စကားပြောကြားခဲ့ကြပြီး သင်ကြားမည့် ဘာသာရပ်များအား ရှင်းလင်းပြသကာ ဒုတိယပါမောက္ခချုပ်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၁ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၂၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂-၁၁-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၃-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၀၆၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၁၁,၄၆၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၀၉၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၅၃၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၂-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၅၆,၈၈၅) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၄၁,၄၃၂) ဦး တို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၂-၁၁-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၅၆,၈၈၅ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၄၁,၄၃၂ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၂) ရက်ဆက်တိုက် (၂) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၀ | ၂၂၀၅ | ၂၂၂၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၈၀ | ၂၄၂၀ |
| 95 Ron | ၂၁၇၅ | ၂၂၂၀ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၇၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၃၅ | ၂၅၃၅ | ၂၅၀၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၀၅ | ၂၅၁၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၅၅ | ၂၇၇၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၄၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၂၅ | ၂၆၂၅ | ၂၆၃၀ | ၂၈၅၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၅၄၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၅၅ | ၂၅၉၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၇၅ | ၂၆၉၀ | ၂၆၈၅ | ၂၅၈၅ | ၂၅၉၅ | ၂၆၂၅ | ၂၆၂၅ | ၂၆၃၀ | ၂၈၅၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၇ | ၂၀၅၀ |
| 95 Ron | ၂၀၇၀ | ၂၁၄၄ |
| HSD (500 ppm) | ၂၃၅၇ | ၂၄၃၄ |
| HSD (50 ppm) | ၂၄၃၁ | ၂၅၀၉ |
| HSD (10 ppm) | ၂၄၃၁ | ၂၅၀၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃


စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တာမွေမြို့နယ်တို့တွင် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများနှင့် ဓားပြတိုက်လုယက်မှုများကျူးလွန်ခဲ့သည့် တရားခံများအားဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်ရှိ ပုဇွန်တောင်ဘူတာ ဘူတာရုံးခန်းအတွင်းသို့ ပစ္စတိုတစ်လက်ကိုင်ဆောင်ထားသည့် အကြမ်းဖက်သမား အမျိုးသား နှစ်ဦးဝင်ရောက်လာပြီး ဘူတာစာရေး ဦးသိန်းဝင်းထွန်းအား လက်နက်ဖြင့် ခြိမ်းခြောက်ကာ ရုံးခန်းအတွင်းရှိ ဆိုင်ခန်းခကောက်ခံငွေနှင့် ရထားလက်မှတ်ရောင်းရငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ ကျော်အား လုယက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် တာမွေမြို့နယ်တို့တွင် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုများနှင့် ဓားပြတိုက်လုယက်မှုများ ကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား။



အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးပူးပေါင်းအဖွဲ့မှ တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ၂၂ ရက် ညနေပိုင်းတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ရေတာရှည်လမ်းဟောင်းရှိ လက်ဖက်ရည်ဆိုင်၌ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ကြီးရပ်ကွက်ရှိ ပုဇွန်တောင်ဘူတာ ဘူတာရုံးခန်းအား ဓားပြတိုက်လုယက်ရာတွင် ပါဝင်ခဲ့သည့် **သူရိန်ထွန်း (ခ) ဖိုးသား၊** ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေသူ **အိအိဇော်**နှင့် **ဝေလင်းအောင်** တို့ သုံးဦးအား ဖမ်းဆီးရမိခဲ့သည်။

တရားခံ သူရိန်ထွန်း (ခ) ဖိုးသား၏ ထွက်ဆိုချက်အရ ယင်းနေ့ညပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ရောချမ်းသာကွန်ဒို၊ တိုက်အမှတ်(၁၀/ဘီ)၊ (၁၅)လွှာ၊ အခန်းအမှတ် (၂၁၇) ၌ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် ပါဝင်သည့် ဆက်စပ်တရားခံများဖြစ်သော **ရဲရင့်ခန့်**နှင့် **ထွန်းလင်းအောင်** တို့ နှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ထွန်းလင်းအောင်၏ ထွက်ဆိုချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် တိုက်အမှတ်(၃၁) အခန်းအမှတ်(၃၀၃)၌ Glock ပစ္စတို တစ်လက်၊ Sig Sauer ပစ္စတိုတစ်လက်၊ အမျိုးအစား (စိစစ်ဆဲ) ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ ကျည်မျိုးစုံ ၁၅၂ တောင့်၊ အသံတိတ်ပြောင်း ၁ ခု၊ လက်ပစ်ဗုံးမျိုးစုံ ၃၃ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ TNT ယမ်းတောင့် ၁၆ တောင့်၊ ဒီတိုနေတာ အချောင်း ၁၀၀ နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် ဓားပြတိုက်လုယက်မှုကျူးလွန်ရာ၌ ပါဝင်ခဲ့သည့် တရားခံအမျိုးသား လေးဦး၊ အမျိုးသမီးတစ်ဦး ပေါင်း ငါးဦးတို့အား ပစ္စတိုမျိုးစုံ သုံးလက်၊ ခြောက်လုံးပြူး တစ်လက်၊ ကျည်အိမ်မျိုးစုံ ခြောက်ခု၊ ကျည်မျိုးစုံ ၁၅၂ တောင့်၊ အသံတိတ်ပြောင်း တစ်ခု၊ လက်ပစ်ဗုံးမျိုးစုံ ၃၃ လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ TNT ယမ်းတောင့် ၁၆ တောင့်၊ ဒီတိုနေတာ အချောင်း ၁၀၀ နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **သူရိန်ထွန်း(ခ) ဖိုးသား**နှင့် **ရဲရင့်ခန့်**တို့ နှစ်ဦးသည် ဖမ်းဆီးရန်ကျန်တရားခံ **အားညီ**၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လတွင် KNLA တပ်မဟာ (၇) လှုပ်ရှားနယ်မြေ၌ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းအား တစ်လခန့် တက်ရောက်ခဲ့ကြောင်းနှင့် ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် အသုံးပြုမည့် လက်နက်/ခဲယမ်းများအား ဖမ်းဆီးရန်ကျန်တရားခံ **အားညီ**သည် မြဝတီမြို့မှတစ်ဆင့် **သူရိန်ထွန်း (ခ) ဖိုးသား**ထံသို့ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်မှုဖြစ်စဉ် မဖြစ်ပွားမီ ဘူတာစာရေး **သန်းဇော်ဦး**(နိုဝင်ဘာ ၁ ရက်တွင် ဖမ်းဆီးရမိ)သည် လက်ဖက်ရည်ဆိုင်သို့ ကြိုတင်သွားရောက် ရှောင်တိမ်းနေခဲ့ပြီး **သူရိန်ထွန်း(ခ)ဖိုးသားနှင့် ရဲရင့်ခန့်**တို့အား ဖုန်းဆက်၍ ပုဇွန်တောင်ဘူတာရုံးခန်း၌ ဘူတာစာရေး ဦးသိန်းဝင်းထွန်း တစ်ဦးတည်းသာ ကျန်ရှိနေခဲ့ပြီး ဝင်ရောက်ဓားပြတိုက်လုယက်ရန် သတင်းပေးခဲ့ကြောင်း၊ သို့ဖြစ်၍ သူရိန်ထွန်း(ခ)ဖိုးသားနှင့် ရဲရင့်ခန့်တို့သည် ပစ္စတိုတစ်လက် ကိုင်ဆောင်ကာ ပုဇွန်တောင်ဘူတာရုံးခန်းအတွင်းသို့ ဝင်ရောက်၍ ဓားပြတိုက်လုယက်မှု ကျူးလွန်ခဲ့ပြီး ထွန်းလင်းအောင်မှ အခြေအနေစောင့်ကြည့်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် အားညီ၏ ခိုင်းစေမှုဖြင့် အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု နှစ်ကြိမ်နှင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှုဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲမှု နှစ်ကြိမ် ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်-

- ၂၀၂၂ ခုနှစ် ဇူလိုင် ၃ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံးအား **သူရိန်ထွန်း(ခ)ဖိုးသားနှင့် ထွန်းလင်းအောင်** တို့မှ လက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ပြီး အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံး၍ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း။
- ဩဂုတ် ၈ ရက်တွင် တာမွေမြို့နယ် ကျောက်မြောင်းကြီး(အရှေ့) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရာအိမ်မှူး ဦးကျော်မင်းဟန်အား **သူရိန်ထွန်း (ခ) ဖိုးသား**မှ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ထွန်းလင်းအောင်** မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။
- စက်တင်ဘာ ၁၀ ရက်တွင် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ် ရပ်ကွက် ဗညားဒလလမ်းပေါ်၌ **သူရိန်ထွန်း(ခ) ဖိုးသား** နှင့် **ထွန်းလင်းအောင်** တို့မှ လက်လုပ်ရီမုမိုင်းတစ်လုံး ဖောက်ခွဲခဲ့ပြီး ရဲရင့်ခန့်မှ အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။
- စက်တင်ဘာ ၁၃ ရက်တွင် မင်္ဂလာတောင်ညွန့် မြို့နယ် ကျီတော်ရပ်ကွက် အထက်ပုဇွန်တောင်လမ်း ပုဇွန်တောင် မီးရထားဝင်း အတွင်းရှိ သက်သာဆိုင်၌ အပြစ်မဲ့ပြည်သူ ဦးအောင်အောင် အား **သူရိန်ထွန်း(ခ)ဖိုးသား**မှ ပစ္စတိုဖြင့် ပစ်ခတ်လုပ်ကြံသတ်ဖြတ်ခဲ့ပြီး **ထွန်းလင်းအောင်** မှ အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**





၂၂-၁၁-၂၀၂၂ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် တိုက်အမှတ်(၃၁) အခန်းအမှတ်(၃၀၃)၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။





၁၀-၉-၂၀၂၂ ရက်တွင် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက် ဗညားဒလလမ်းပေါ်၌ လက်လုပ်ရီမုမိုင်း တစ်လုံး တွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၃-၇-၂၀၂၂ ရက်တွင် တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံး/ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ဦးအောင်အောင်(၄၂)နှစ် (စိုးရိမ်ရ)



ဦးချစ်ဖူးအောင် (၃၀) နှစ် (သေဆုံး)



မသင်းသင်းထွေး(၁၈)နှစ် (မစိုးရိမ်ရ)



မဆုသီရိထွန်း(၁၆)နှစ် (မစိုးရိမ်ရ)



ရာအိမ်မှူး ဦးကျော်မင်းဟန် (၆၆)နှစ် (သေဆုံး)

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၃**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို ယနေ့တွင် သက်ဆိုင်ရာ အားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ ရုံများတွင် ဆက်လက်ကျင်းပပြုလုပ်ပြီး အားကစားနည်းများအလိုက် ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်းရှိ အားကစားကွင်း/ရုံများနှင့်နေပြည်တော်ရှိစစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ကျင်းပပြုလုပ်သည်။

ဇေယျာသီရိအားကစားရုံ (A)တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ပြုလုပ်ရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများနှင့်ပြိုင်ပွဲဝင် အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။



ဦးစွာ ဝိတ်တန်းအလိုက် ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဝိတ်တန်းအလိုက် ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုရရှိသူများ၊ အကောင်းဆုံးနည်းပြဆုနှင့်အကောင်းဆုံးဒိုင်လူကြီးဆုရရှိသူများ၊ အတန်းလိုက် အကောင်းဆုံးကစားသမားဆု၊ အတိုက်ဝိတ်တန်းအလိုက် ဖလားရရှိသည့် အသင်းများကို တပ်မတော်အရာရှိကြီးများကတစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက် ဆုဖလားများကို အသီးသီးပေးအပ်ကြသည်။

ယင်းနောက် တိုက်ကွမ်ဒို အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် သုံးခု၊ငွေတံဆိပ် သုံးခုနှင့် ကြေးတံဆိပ်လေးခုဖြင့် တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွား ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှစစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)**

ထို့ပြင် ဇေယျာသီရိအားကစားရုံ(B)ရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘော်လီဘော အားကစားပြိုင်ပွဲမှ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ တပ်ထိန်းချုပ် ဗိုလ်ချုပ် သက်ထွန်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသား/အမျိုးသမီးနေရာအလိုက် အကောင်းဆုံးဆု၊ အကောင်းဆုံးဘော်လီဘောအားကစားသမားဆု၊ စတုတ္ထဆု၊ တတိယဆုရရှိသည့် အသင်းများအား တပ်မတော်အရာရှိကြီးများက ငွေသားဆုနှင့်တစ်ဦးချင်းဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား၊ တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ တပ်ထိန်းချုပ် ဗိုလ်ချုပ် သက်ထွန်းဦးက ငွေသားဆုနှင့် တစ်ဦးချင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်က တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်ခဲ့သည်။

အလားတူ ဇေယျာသီရိအားကစားရုံ (C) ရှိ တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းအားကစားပြိုင်ပွဲမှ ၂၀၂၂ ခုနှစ်၊ (၂၉)ကြိမ်မြောက်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) မှ စစ်ဦးစီးအရာရှိချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် ၊မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ သိုင်းပညာရှင် ဆရာကြီး ဦးစိန်ဝင်းနှင့် တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးသည်။

ဦးစွာ ကီလိုတန်းအလိုက် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အားကစားနည်းများအလိုက် တစ်ဦးချင်းဆုရရှိသူများနှင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသည့်အသင်းများအား မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ သိုင်းပညာရှင် ဆရာကြီး ဦးစိန်ဝင်း၊ တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဒိုင်းဆုများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် မြန်မာသိုင်း အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၆ ခု၊ငွေတံဆိပ် ကိုးခုနှင့် ကြေးတံဆိပ် ငါးခုဖြင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့် က စွယ်စုံတံခွန်စိုက်ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ပြင် ညနေပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ တပ်မတော်(ကြည်း၊ရေ၊လေ)လက်ဝှေ့အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်၊ တပ်မတော်အရာရှိကြီးများနှင့် ပြိုင်ပွဲဝင်အားကစားအသင်းများမှ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ (က) အဆင့်နှင့် အလွတ်တန်းအဆင့် ဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အလွတ်တန်းအဆင့်အားကစားသမားများ၊တပ်မတော်ဒိုင်လူကြီးများ၊ (က)အဆင့်ကစားသမားများ၊ (က) အဆင့်နှင့် အလွတ်တန်းအဆင့် အကောင်းဆုံး လက်ဝှေ့ကစားသမားဆုရရှိသူများနှင့် (က)အဆင့်နှင့် အလွတ်တန်းအဆင့်ဒိုင်းဆုရရှိအသင်းများကို တပ်မတော်အရာရှိကြီးများက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အသင်းလိုက်ဆုဖလားများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် လက်ဝှေ့အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ခုနစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုဖြင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (ကိုယ်စား) ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်က တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများကို အားကစားနည်း ကိုးနည်းဖြစ်သည့် ဘောလုံး၊ မြန်မာသိုင်း၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊တိုက်ကွမ်ဒို၊ ကရာတေးဒို၊ ဂျူဒို၊ ဘော်လီဘောနှင့် လက်ဝှေ့အားကစားပြိုင်ပွဲများကို နိုဝင်ဘာ ၁၄ ရက်မှ စတင်ကျင်းပပြုလုပ်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(က) အဆင့် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုဘောလုံးအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ စွမ်းပြည့်အောင်သည် ၎င်းအသုံးပြုသည့် “Swan Pyai Aung” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်နေ ခိုင်ခိုင်ထွန်း (ခ) ထွေးထွေးနှင့် ကန်ကောက်ရပ်ကွက်နေ အေးအေးခိုင်တို့သည် ၎င်းတို့အသုံးပြုသည့် “Htwe Htwe” Facebook အကောင့်၊ “Aye Aye Khaing” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျောက်ကာကွင်ကျေးရွာနေ မင်းကျော်သည် ၎င်းအသုံးပြုသည့် “Min Kyaw Thar” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုလောမြို့နယ် ကဒဲကျေးရွာလမ်းဆုံအနီး၌ သံဃာတော်များအပါအဝင် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ သဘာဝတရားရိပ်သာမှ သံဃာတော် နှစ်ပါး၊ သာသနာ့နွယ်ဝင် သီလရှင် သုံးပါး၊ ဒါယကာ/ဒါယိကာမ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၁၆ ဦးတို့ လိုက်ပါလာသည့် မော်တော်ယာဉ် အမျိုးအစား Hi Ace မော်တော်ယာဉ်အမှတ် 2K/---- နှင့် မော်တော်ယာဉ်အမှတ် SN/---- နှစ်စီးအား နိုဝင်ဘာ ၂၂ ရက် ည ၉ နာရီခွဲခန့်တွင် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကဒဲကျေးရွာ လမ်းဆုံအနီးသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရှိရသည်။

### အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ပစ်ခတ်

ဖြစ်စဉ်မှာ ၎င်းမော်တော်ယာဉ်နှစ်စီးသည် နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ ထွက်ခွာခဲ့ရာ ည ၉ နာရီခွဲခန့်တွင် ပုလောမြို့နယ် ကဒဲကျေးရွာ လမ်းဆုံအနီးသို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက လမ်း၏ယာဘက် မီတာ ၂၀၀ ခန့်အကွာမှ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် မော်တော်ယာဉ်တစ်စီးမှာ လမ်းဘေးသို့ ထိုးကျခဲ့ပြီး ကျန်တစ်စီးမှာရပ်တန့်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ် တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် သံဃာတော် ဘဒ္ဒန္တ ဇနက (၂၅ နှစ်) သည် ဦးခေါင်းတွင် ကျည်ဖောက်ဝင်ဒဏ်ရာများရရှိခဲ့ပြီး ပျံလွန်တော်မူခဲ့ကြောင်း၊ ဒေါ်အေးသီတာလွင်၊ ဦးနန်းဦးနှင့် ဦးသက်အောင်ဇော်တို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြသည်။

### ဖမ်းဆီးခံရသူများအား ပြန်လည်စေလွှတ်ပေးခဲ့

ယင်းနောက် PDF အမည်ခံ အကြမ်းဖက်သမားများက ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် ၎င်းတို့အားလုံးအား မော်တော်ယာဉ်ဖြင့် ကဒဲကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ ခေါ်ဆောင်သွားခဲ့ပြီး ဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် သံဃာတော်အား ယနေ့ နံနက် ၈ နာရီခန့်တွင် ကဒဲကျေးရွာ သင်္ချိုင်း၌ မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကာ ဖမ်းဆီးခံခဲ့ရသူများအား မွန်းလွဲပိုင်းတွင် ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရှိရသည်။


အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သူများအား ထားဝယ်မြို့သို့ ပို့ဆောင်၍ နယ်မြေခံ တပ်မတော်ဆေးရုံမှ တာဝန်ရှိသူများက လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






ပုလောမြို့နယ် ကဒဲကျေးရွာ လမ်းဆုံအနီး၌ သံဃာတော်များနှင့် အရပ်သားများ လိုက်ပါလာသည့် ယာဉ်နှစ်စီးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် လူ/ယာဉ် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



နယ်မြေခံတပ်မတော်ဆေးရုံမှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးစဉ်။

---

နိုင်ငံတကာသတင်း

# ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးနေသည့်အတွက် အင်ဒိုနီးရှားငလျင်ဘေးမှ အသက်ရှင်ကျန်ရစ်သူများ အကူအညီတောင်းခံ

ဂျကာတာ နိုဝင်ဘာ ၂၃

**လူပေါင်း ၂၆၈ ဦးကို သေဆုံးစေခဲ့သည့် အင်ဒိုနီးရှားငလျင်မှ အသက်ရှင်ကျန်ရစ်သူများသည် နိုဝင်ဘာ ၂၃ ရက်က အစားအသောက်နှင့် သောက်သုံးရေတို့ရရှိရန် အကူအညီတောင်းခံခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ငလျင်လှုပ်ပြီးနောက် အသေးစားငလျင်ငယ်များ ဆက်လှုပ်နေသောကြောင့် ကယ်ဆယ်ရေး လုပ်ငန်းများ နှောင့်နှေးနေရသည်။**

မကြာမီအချိန်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမည်ဟု ခန့်မှန်းထားရာ ငလျင်လှုပ်ခတ်ခဲ့သည့် ဂျာဗားပြည်နယ် စီအန်ဂျာခရိုင်တွင် ငလျင်လှုပ်ခတ်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အပျက်အစီးများကို အမြန်ရှင်းလင်းသင့်သည်ဟု အာဏာပိုင်များက သတိပေးထားသည်။ ထောက်ပံ့ရေးပစ္စည်းအချို့ ရောက်ရှိလာသော်လည်း လုံလောက်မှုမရှိဟု သိရသည်။

ဆန်၊ အသင့်စားခေါက်ဆွဲခြောက်နှင့် သောက်ရေသန့်များ ရရှိသော်လည်း လုံလောက်မှုမရှိဟု အသက် ၂၃ နှစ်အရွယ် ဂတ်ဆိုလ်ရွာသားတစ်ဦးဖြစ်သူ မူစတာဖာက ပြောသည်။ ငလျင်ဒဏ်ကြောင့် လူပေါင်း ၅၈၀၀၀ ကျော် နေရပ်စွန့်ခွာရပြီး လူပေါင်း ၁၀၀၀ ဝန်းကျင် ဒဏ်ရာရရှိခဲ့သည်။ ၅၁ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ သေဆုံးသူများထဲမှ တစ်ဝက်ကိုသာ မည်သူမည်ဝါမှန်း ခွဲခြားနိုင်ခဲ့သည်ဟု အမျိုးသားသဘာဝဘေးအန္တရာယ် လျှော့ပါးရေးအေဂျင်စီက ပြောသည်။

အစိုးရသည် တဲများနှင့် ထောက်ပံ့ရေးပစ္စည်းများကို စီအန်ဂျာခရိုင်သို့ ပေးပို့ခဲ့သည်။ အင်ဒိုနီးရှား တပ်ဖွဲ့ဝင်ပေါင်း ၁၂၀၀၀ ကို နိုဝင်ဘာ ၂၃ ရက်က တပ်ဖြန့်ချထားခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။ သို့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာနေရသည်။

ငလျင်ဘေးမှ လွတ်မြောက်ခဲ့သူ အသက် ၄၅ နှစ်အရွယ် ဒီဒီမက်စ်လီယာကမူ ကယ်ဆယ်ရေးတဲတွင် နေထိုင်နေသူဖြစ်ပြီး မိုးတစ်ညလုံး သည်းထန်စွာ ရွာသွန်းခဲ့သည့်အတွက် အကူအညီအထောက်အပံ့များ မရရှိသေးဟု ပြောသည်။ အစားအသောက်နှင့် ဆေးဝါးများပြတ်လပ်နေပြီး ကလေးငယ်များ ပါရှိသည့်အတွက် သင့်တော်သည့်တဲများ အရေးပေါ် လိုအပ်လျက်ရှိသည်ဟု ၎င်းက ပြောသည်။

**အေအက်ဖ်ပီ**



ငလျင်လှုပ်မှုဖြစ်ပွားပြီးနောက် ဒေသခံများ အမိုးအကာအောက်တွင် ခိုလှုံစဉ်။

---

# ကမ္ဘာ့ဖလား အုပ်စုပြိုင်ပွဲ ဂျာမနီတို့ ဂျပန်ကိုရှုံးပြီး စပိန်တို့ ဂိုးပြတ်အနိုင်ရ

ကာတာနိုင်ငံ၌ကျင်းပသည့် ကမ္ဘာ့ဖလားအုပ်စုပြိုင်ပွဲများတွင် နိုဝင်ဘာ ၂၃ ရက် ညနေ ၄ နာရီခွဲက ယှဉ်ပြိုင်ကစားသည့် အုပ်စု(စ) မှ မော်ရိုကိုနှင့် ခရိုအေးရှား တို့ပြိုင်ပွဲတွင် ဂိုးမရှိ သရေဖြစ်ခဲ့သည်။ ည ၇ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် အုပ်စု(င)မှ ဂျာမနီနှင့် ဂျပန်တို့ပွဲတွင် ဂျပန်က နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် စပိန်နှင့် ကော်စတာရီကာတို့ပွဲတွင် စပိန်တို့ ခြေစွမ်းပြကာ ခုနစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(ဃ)မှ ပြင်သစ်နှင့် ဩစတြေးလျတို့ပွဲတွင် ပြင်သစ်တို့က လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**

| ၂၄ - ၁၁ - ၂၀၂၂ | | ဗုဒ္ဓဟူးနေ့ |
|---|---|---|
| ဆွစ်ဇာလန် | - ကင်မရွန်း | ည ၄း၃၀ |
| ဥရုဂွေး | - တောင်ကိုရီးယား | ည ၇း၃၀ |
| ပေါ်တူဂီ | - ဂါနာ | ည ၁၀း၃၀ |
| ၂၄ - ၁၁ - ၂၀၂၂ | | ဗုဒ္ဓဟူးနေ့ |
| ဘရာဇီး | - ဆားဘီးယား | နံနက် ၁း၃၀ |

## အများအားဖြင့် သာယာမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ဖခင်အမည်မှန်

ထားဝယ်မြို့နယ်၊ သပြေချောင်းရွာနေ အထက(၅) ထားဝယ်မြို့၊ Grade-9(B)မှ မောင်စည်သူဟိန်း၏ ဖခင် ဦးစည်သူထက်၏ အမည်မှန်မှာ ဦးခင်မောင်ဦး ၆/ထဝန(နိုင်) ၁၄၈၅၀၆ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 1E/5482, SUZUKI SWIFT ZC 725, HATCH BACK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ရွှေဝင်း ၁၂/ဒလန(နိုင်) ၀၀၈၄၁၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

**မန္တလေးမြို့**

# သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁^က^/ဥတ္တရသီရိတောင်ရပ်၊ မြေဧရိယာ ၀ဒသမ၄၅၉ဧက၊ မြေကွက်အမှတ် (OS-၁၇)၊ ဦးစက်ကို(ခ)ဘရွှေ (ဘ)ဦးစိုင်းခန်းပန် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဦးအိုက်ပန်း ၁၂/ကမရ(နိုင်)၀၅၂၀၀၅(ဘ)ဦးအိုက်ဆိုင်းမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၆၀၃/၂၀၂၂ (၂၄-၆-၂၀၂၂)တင်ပြ၍ ဒေါ်မို့မို့စိုး ၁၄/မမန(နိုင်)၁၅၉၂၇၈ (ဘ) ဦးမြင့်စိုး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်နှင့်အမည် RA-V/ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၁၉/၂၁)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိ ဂရန်မြေကွက်သည် မြေငှားဂရန်အမှုတွဲအမှတ် (၅၀၄/၁၉၉၀-၉၁)အရ ဦးချစ်ဖေမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းမှ ဂရန်သက်တမ်းတိုးလျှောက်ထားလာရာ ကန့်ကွက်လိုသူ မည်သူမဆို တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**အုပ်ချုပ်ရေးမှူး**

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ပြင်ဦးလွင်မြို့**

**စာအုပ်၊ စာပေ လူ့မိတ်ဆွေ**




## "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season-2 ပွဲစဉ်(၁၃) ဒုတိယအဆင့် (Level-2) Result Show ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော်ဂီတပွဲတော်" Season-2 သီချင်းဆိုပြိုင်ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ စက်တင်ဘာ ၂ ရက်နေ့မှ စတင်ပြီး ပွဲစဉ် (၁၈) ပွဲဖြင့် အပတ်စဉ်သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်နေ့အထိ ဆက်လက်ကျင်းပမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပြုံး၊ စန္ဒရား မျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့ကလည်းကောင်း၊ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့်သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ်လည်းကောင်း ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်မှုမှ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level – 2) သို့ ၁၀ ဦး တက်ရောက်လာကြရာ ပွဲစဉ် (၁၃) ကို နိုဝင်ဘာ ၂၅ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် MRTV–HD မှ Result Show အဖြစ် တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည် ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၏ ဒုတိယအဆင့် (Level–2) မှစ၍ အကဲဖြတ်ဒိုင်များ၏ အမှတ်ပေးမှု ၃၀ ရာခိုင်နှုန်းနှင့် ပရိသတ်များ၏ SMS Voting ဖြင့် ပေးပို့မှု ၇၀ ရာခိုင်နှုန်း သတ်မှတ်ထားရှိရာ ပရိသတ်များအနေဖြင့် ပြိုင်ပွဲဝင်များဖြစ်ကြသော ကချင်ပြည်နယ်မှ မေဇီ (MFO1)၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ (MFO2)၊ ရန်ကုန်တိုင်းဒေသကြီးမှ ထွန်းပပအောင် (MFO3)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျီးနား (MFO4)၊ ပဲခူးတိုင်းဒေသကြီးမှ လျှမ်းထက်ကို (MFO5)၊ ကရင်ပြည်နယ်မှ ချိုသဲဦး(MFO6)၊ ကချင်ပြည်နယ်မှ လလဆွတ် (MFO7)၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဇင်လေး (MFO8)၊ နေပြည်တော်မှ ပူတူး (MFO9) နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုးထက်အောင် (MFO10) တို့အား Voting Line ဖွင့်လှစ်ပေးထားမည့် Result Show ထုတ်လွှင့်မည့် နိုဝင်ဘာ ၂၅ ရက် မွန်းတည့် ၁၂နာရီအထိ တယ်လီဖုန်းအော်ပရေတာ လေးခုမှတစ်ဆင့် Code No.7575 ဖြင့် SMS အရေအတွက်အကန့်အသတ်မရှိ ပေးပို့အားပေးနိုင်မည်ဖြစ်သည်။ အဆိုပါအစီအစဉ်ကို နိုဝင်ဘာ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၁၀၄၄ | ၉၅၀၁၄၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၈၅၀ | ၂၈၃၂၃၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၁၆ | ၁၂၃၂၀၀ |
| FPB | ၁၉၀၀၀ | ၁၉၅၀၀ | ၂၁၀ | ၄၀၇၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၅၃၈ | ၁၄၅၂၆၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃၀ | ၁၅၀၀၀၀ |

ညီညီ – စုစည်းသည်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၁၁ - ၂၀၂၂

### ရွှေ

| | | | |
|---|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၉၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၄၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၄၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ | အမေရိကန်ဒေါ်လာ | ၁၇၄၄ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၆၀ ကျပ် | ၂၆၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၇၅ ကျပ် | ၂၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၇၀ ကျပ် | ၂၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၆၆ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၁၈ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၇ . ၉၄၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၅ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၅၉ . ၀၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၃ . ၄၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၇၃ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)


မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့

စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပဲခူး(၁၀)မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ မြေ ၁၂၂ဒသမ ၀၃ကေပေါ်တွင် Animal Quarantine Station ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်/ကုမ္ပဏီများသို့ နှစ်ရှည် နှစ်(၃၀)ငှားရမ်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်/ကုမ္ပဏီများသည် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ တင်ဒါအဆိုပြုလွှာများအား ပေးပို့တင်ပြရမည် ဖြစ်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များအား မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စီးပွားရေးရာအထောက် အကူပြုဌာနခွဲ၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် (၁)စုံလျှင် ကျပ် (၁၀၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါအဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် တင်ဒါအဆိုပြုလွှာများအား ၉-၁၂-၂၀၂၂ရက် ၁၄:၃၀ နာရီတွင် နောက်ဆုံးထား၍ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စီးပွားရေးရာအထောက်အကူပြုဌာနခွဲသို့ ပေးပို့တင်ပြရမည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ ဖုန်း-၀၆၇-၃၄၀၈၄၈၀၊ ၀၆၇- ၃၄၁၈၄၅၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါအဆိုပြုလွှာလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်မ မရည်မွန်မိုး ၉/လဝန(နိုင်)၂၆၁၁၇၆၏ နိုင်ငံကူး လက်မှတ် နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၂၈၅၂၅၀၄

## ပျောက်ဆုံးကြောင်း

ဦးကျာနူး၏သမီး၊ တာချီလိတ်မြို့၊ အလက ရေပူစမ်းကျောင်း၊ စတုတ္ထတန်းမှ မနာဒါ ၏ ကျောင်းပြောင်းလက်မှတ်၊ ကျောင်းဝင်အမှတ်(၁၂၆၃)ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
### မြဝတီမြို့နယ်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၁နှင့် ဆက်နွယ်သည့် ၂၀၂၂ ခုနှစ် တရားမဇာရီမှုအမှတ် -၂၃

ဒေါ်ဖြူဖြူငြိမ်း နှင့် ဒေါ်လဲ့လဲ့ခိုင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်လဲ့လဲ့ခိုင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ဘုရင့်နောင်လမ်း၊ ထားဝယ်ချောင်း၊ ၄၇လမ်းနေ (ယခုလိပ်စာမသိ)သူအား သိစေရမည်။

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၂၁တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ဖြူဖြူငြိမ်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ဒီကရီအနိုင်ရသူ၏ ဇာရီမှုကို ထုချေရှင်းလင်းစေရန် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်သို့လာရောက်ရမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန်းထက်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**မြဝတီမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တာချီလိတ်ခရိုင်တရားရုံး
### ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် -၂၄

ဒေါ်နန်းဆီဝန်းလင်း နှင့် ဒေါ်နန်းလာ(ခ)နိုင်းလာ
**တရားလို** **တရားပြိုင်**

ဟွေခိုက်ရွာ၊ ဝမ်လုံးအုပ်စု၊ တာချီလိတ်မြို့နေ ဒေါ်နန်းလာ(ခ)နိုင်းလာ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နန်းဆီဝန်းလင်းက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၆ရက် (၁၃၈၄ခုနှစ် နတ်တော်လဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ၊ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာလ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စံမြင့်)**
**ခရိုင်တရားသူကြီး**
**တာချီလိတ်ခရိုင်တရားရုံး**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံး ပစ္စည်းများအား ဌာနအရောက်တန်ဖိုး (D.D.P) (နေပြည်တော်)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Satellite Image<br>(2D Ortho-Rectify and GSD=0.5m) | (1)Lot |

၂။ အိတ်ဖွင့်တင်ဒါများအား (၈-၁၂-၂၀၂၂)ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး မွန်းလွဲ ၂ နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊**
**မြေတိုင်းဦးစီးဌာန၊ မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ DORP No. ၆၇၃/V (၂၀၁၆-၂၀၁၇)၊ သီတာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၁၊ ဆုတောင်းပြည့်ရပ်၊ ဦးပိုင်အမှတ်-၆၉၊ ဧရိယာ ၀ဒသမ၁၁၂ဧကေရှိ ဦးမုန်ထွယ် အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အမှတ် (၁၀)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမုန်ထွယ် ၁/မကန(နိုင်)၀၉၈၄၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆန်ဘူရာ ၁/မကန(နိုင်)၁၅၀၅၅၀သည် အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာလာထွန်း (LL.B, LL.M, D.B.L)**
**တရားလွှတ်တော်ရှေ့နေ၊ အမှတ်စဉ် (၈၇၇၈)**
**အမှတ် (၂၃၉)၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်၊**
**ဖုန်း-၀၉-၂၅၉၁၃၇၉၉၈**

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း(တောင်)ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၆၄/င)၊ မြေညီ(ခြေရင်းခန်း)၏ တိုက်ခန်းအရောင်းအဝယ် နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ထားသူ ဒေါ်တင်အောင် ၁၂/ဗဟန(နိုင်)၀၁၉၈၀၁ထံမှ ကျွန်တော် ဦးအောင်ကျော်ထွန်း ၁၄/ညတန(နိုင်)၀၀၄၁၃၀သည်အပြီးအပြတ် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်တော် ဦးအောင်ကျော်ထွန်းထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ထွန်း**
**ဖုန်း-၀၉-၇၉၅၃၈၈၃၆၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/သီဟသူ၊ ဦးပိုင်အမှတ် (၇၈)၊ ဧရိယာ ၀ဒသမ၁၀၈ဧကအား ဦးကျော်ဇေယျ (ဘ)ဦးချစ်ဦး ၉/တကန(နိုင်)၁၁၆၅၇၀မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် (၄၆၃၆/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထား လာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်နေ (ဦးမြင့်ဌေး)-ဒေါ်စန္ဒာဝင်းမောင်တို့၏သမီး မအေးချမ်းပိုင် ၉/မထလ(နိုင်) ၃၆၁၉၀၅သည် အဘိုး၊ အဘွားနှင့် မိခင်၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အဘိုး၊ အဘွားနှင့် မိခင်ဖြစ်သူတို့ကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှ ၎င်းဆန္ဒအလျောက်ထွက်သွားပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို မိခင်အနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်းမောင်၏ ညွှန်ကြားချက်အရ-**
**ဦးတိုးနိုင်လင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၈၂၅၄)**
**ပြည်သာယာ(တောင်)ရပ်ကွက်၊ မိတ္ထီလာမြို့၊ ဖုန်း-၀၉-၄၄၄၀၃၇၆၉၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ဗိုလ်တထောင်ခရိုင်တရားရုံး
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၆၅၈

၁။ ဒေါ်အေးမြင့်ဦး နှင့် ဦးမောင်မောင်မြင့်
၂။ ဒေါ်မေလဲ့ဝင်း
၃။ ဒေါ်နှင်းနွယ်အေး
၄။ ဒေါ်နှင်းနုစန္ဒာ
၅။ ဒေါ်သွယ်သွယ်သိမ့်
၆။ ဒေါ်သက်ထားလွင်
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်ဆွေသန်း)
**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ (၂၂)လမ်း၊ အမှတ်-၇၉၅နေ တရားပြိုင် ဦးမောင်မောင်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၅၊ ဗန္ဓုလလမ်း၊ မြေကွက်အမှတ်-၁၁၁၃၊ အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဒေါက်တာ ဦးတင့်လွင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးအေးမင်း ၁၂/လသယ(နိုင်)၀၃၄၂၄၈ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းအေးငြိမ်းက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်နှင်းအေးငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ် (၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၆၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်၊ ခရေလမ်း မြေကွက်ပေါ်ရှိ (၅)ထပ်၊ ရွှေခင်းသာအိမ်ရာအတွင်းရှိ (၅)လွှာ၊ တိုက် (ဘီ-၁၀)၊ အခန်း ၅၀၇၊ ဧရိယာ (၂၂ ပေ x ၃၀ ပေ)ရှိ ရေမီးစုံတိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်မင်းသန်း ၁၂/ဒဂမ(နိုင်)၀၁၅၆၅၇ ထံမှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ပေးကတိစာချုပ်ပြုလုပ်ချုပ်ဆိုပြီး ဖြစ်ပါသည်။ ဤမြေကွက်နှင့်ပတ်သက်၍ နစ်နာခြင်းရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲမျိုးထွန်း (L.L.B) (WIPO)၊ အထက်တန်းရှေ့နေ(စဉ်-၃၉၈၆၇)**
**အမှတ် (၁၅)၊ ရာလယ်လမ်း၊ စမ်းကြီးဝရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၀၀၂၂၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ထွန်းစိန် ၁၁/ရသတ(နိုင်)၁၀၆၆၃၅၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၃၄၂၄၃

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်74W/87461 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၄ယ/၈၇၄၆၁ Wanqiang 125 ယာဉ်လက်ဝယ်ရှိသူ GPX Co.,Ltdက(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/46136, Conda 125, M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/97274, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြတ်ကို ၁၄/ဟသတ(နိုင်)၂၄၃၈၄၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ လူနေရပ်ကွက်အမှတ် (ရွှေကြာပင်)၊ မြေကွက်အမှတ် ZC-007(B)ဟုခေါ်တွင်သော နှစ်(၃၀)မြေငှားဂရန်တွင် ဦးဝင်းစိန် ၁၂/ကတတ(နိုင်)၀၁၂၁၈၀အမည်ပေါက် ဧရိယာ(၅ဒသမ၅၄၀)ဧက မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအားလုံးနှင့် အကျိုးခံစားခွင့် အရပ် ရပ်အားလုံးအား ဂရန်အမည်ပေါက် ပိုင်ဆိုင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ဝါဝါလှိုင် ၇/ကပက(နိုင်)၀၇၄၃၇၄မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါလှိုင် ၇/ကပက(နိုင်)၀၇၄၃၇၄၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| ဒေါ်ဥမ္မာမြင့်(LL.B,D.B.L) | ဒေါ်ဖွေးလဲ့ဖြူ(LL.B) | ဒေါ်မြတ်နိုးခင်(LL.B) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| စဉ်-၈၃၅၁(၁၃-၉-၂၀၁၂) | စဉ်-၅၃၁၃၁(၃၀-၆-၂၀၂၀) | စဉ်-၅၃၁၅၀(၃၀-၆-၂၀၂၀) |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၀၉၈၉၂**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
# တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
# တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၁၀)နေရာ၊ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ)ရာထူး(၁)နေရာနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး (၁)နေရာနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူးရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၅) နေရာအတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| ဌာန | ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန | ဒုတိယဦးစီးမှူး | ၁၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ (၆)ဦး ယဉ်ကျေးမှုတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူ မ(၄)ဦး (တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူး ရုံးများတွင် တာဝန်ထမ်းဆောင်ရမည်) |
| | အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) | ၁ နေရာ | A.G.T.I (သို့) B.E ဘွဲ့ရရှိသူ (တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူး ရုံးများတွင် တာဝန်ထမ်းဆောင်ရမည်) |
| | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁ နေရာ | ကွန်ပျူတာဆိုင်ရာဘွဲ့တစ်ခုခုရရှိသူ |
| တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန | ဒုတိယဦးစီးမှူး | ၅ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊ ကွန်ပျူတာ ကျွမ်းကျင်သူဖြစ်ရမည်။ (တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူး ရုံးများတွင် တာဝန်ထမ်းဆောင်ရမည်) |

၂။ လျှောက်ထားသူသည် -
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) လျှောက်ထားသူသည် လျှောက်လွှာတင်သည့်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် (အစိုးရဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးနိုင်ရမည်။
- (င) ရွေးချယ်ခြင်းခံရပါက နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-
- (က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးသက္ကရာဇ်နှင့် အသက်
- (ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်း
- (င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (စ) အိမ်ထောင် ရှိ/မရှိ
- (ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်

(လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Website:portal.moea.gov.mm နှင့် Facebook Page: Ethnic Affairs, Ministry, Myanmar ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၏ Facebook Page: Department of Ethnic Literature and Culture နှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၏ Facebook Page: Department of Ethnic Rights တို့တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအချက်အလက်များ ပြည့်စုံစွာ (ပူးတွဲ) ပါရှိရမည်-
- (က) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)
- (ခ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း (တစ်လအတွင်း)
- (ဂ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်
- (င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း
- (ဆ) စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း
- (ဇ) ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ

(ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၅။ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနအတွက် လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) ငွေစာရင်းအမှတ် (MD-013545)သို့ ပေးသွင်းရမည်ဖြစ်ပြီး မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ် ပြုလုပ်၍ အဆိုပါ ငွေစာရင်းအမှတ်သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

၆။ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနအတွက် လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေးကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) ငွေစာရင်း အမှတ် (MD-013653)သို့ ပေးသွင်းရမည်ဖြစ်ပြီး မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲ လက်မှတ်ပြုလုပ်၍ အဆိုပါ ငွေစာရင်းအမှတ်သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

၇။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ (၁၆-၁၂-၂၀၂၂) ရက်နေ့အထိ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၈။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမှု ပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနအတွက် လူတွေ့စစ်ဆေးခြင်းကို ဆောင်ရွက်ရာ၌ ယဉ်ကျေးမှုတက္ကသိုလ်မှ ဘွဲ့ရရှိသူများကို ကပြခြင်း၊ သီဆိုခြင်းနှင့် တီးခတ်ခြင်းများကိုပါ လက်တွေ့စစ်ဆေး သွားမည် ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို တိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့၏ ကြော်ငြာသင်ပုန်း၊ Website:portal.moea.gov.mm ၊ Facebook Page: Ethnic Affairs, Ministry, Myanmar ၊ Facebook Page: Department of Ethnic Literature and Culture နှင့် Facebook Page: Department of Ethnic Rights တို့တွင် ကြေညာပေးထားမည် ဖြစ်ပါသည်။

၁၀။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါ ဘာသာရပ် (၂)ခုကို ဖြေဆိုရမည်-

(က) အင်္ဂလိပ်စာ (ခ) အထွေထွေဗဟုသုတ

၁၁။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန နေပြည်တော် ဖုန်း (၀၆၇-၃၄၀၉၃၁၆)၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန နေပြည်တော် ဖုန်း (၀၆၇-၃၄၀၉၅၄၆)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မိုးဇော် ၈/တတက(နိုင်) ၂၁၀၄၉၄၏ နိုင်ငံကူး လက်မှတ် အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်ကျော် ၉/ပဘန(နိုင်)၁၂၃၃၈၅၏ နိုင်ငံကူး လက်မှတ် အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန်းထိုက် ၈/စတရ(နိုင်)၀၂၉၇၄၅၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပင်ဝယ်ကျေးရွာနေ ဦးအယ်မုန်း ၅/မရန(နိုင်)၀၄၀၄၀၇၏သား မောင်ဒေးဗစ် ၅/အတန(နိုင်)၁၂၃၀၃၈၏ မွေးသက္ကရာဇ်အမှန်မှာ (၂၄-၁၀-၁၉၈၉) ဖြစ်ပါကြောင်း။ **မောင်ဒေးဗစ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/32394, CANDA 125, M/C ယာဉ်လက်ဝယ်ရှိသူ Khwar NYO Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/80058, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ Ever OK CO; က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

---

## ထွန်းတင့်နိုင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်နှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၂၀) ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် (၁၅၆၉/ဘီ) တွင်ပြောင်းရွှေ့ဖွင့်လှစ်ထားသော ထွန်းတင့်နိုင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက် အသေးစားငွေရေးကြေးရေးလုပ်ငန်း(လိုင်စင်အမှတ်-၀၁၅၄/၂၀၁၃)၏ အစုရှယ်ယာရှင်များ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေါ်စုစုလှိုင်မှ အစုရှယ်ယာများအား ဦးခင်ဇော်ဝင်းထံသို့ လွှဲပြောင်း၍ နုတ်ထွက်ခဲ့ပါသည်။ လုပ်ငန်းလိုအပ်ချက်အရ ၁၅-၅-၂၀၂၂ရက်တွင် အစည်းအဝေးတွင် ရှယ်ယာရှင်များ ထပ်မံခေါ်ယူခဲ့ရာ ဦးစိုးထွန်းနှင့် ဦးကျော်သူအောင်တို့မှ အစုရှယ်ယာထပ်မံထည့်ဝင်ခဲ့ပါသည်။ ၆-၁၀-၂၀၂၂ရက်တွင် အစုရှယ်ယာရှင်များ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးတင့်နိုင်နှင့် ဦးခင်ဇော်ဝင်းတို့သည် ဒါရိုက်တာအဖြစ်မှ နုတ်ထွက်ရန် တင်ပြခဲ့သဖြင့် နုတ်ထွက်ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ထွန်းတင့်နိုင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းအနေဖြင့် ပြောင်းလဲမှုများအား အများသိစေရန် ကြေညာအပ်ပါသည်။

**ထွန်းတင့်နိုင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်**
**အမှတ် (၁၅၆၉/ဘီ)၊ မောင်းမကန်ကမ်းသာလမ်း၊ အမှတ် (၂၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၆၉၆၉၆၉၁၂၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်သားမြစိုးဦး (ကိုယ်ပိုင်အမှတ် ၇၆၈၇၈၁) ၁၂/မဂဒ(နိုင်)၀၈၉၁၄၄(ဘ)ဦးမြသန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၇၆၉ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်သီတာထွေး ၁၂/ဒဂန(နိုင်)၀၀၀၅၆၆(ဘ)ဦးတင်မောင်မှ တရား ဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်သားမြစိုးဦး သေဆုံးခြင်း လက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၉/၆ခ)၊ ဦးပိုင်အမှတ် (၂/က)၊ မြေဧရိယာ ၀ဒသမ၁၆၆ဧကရှိမြေကွက်သည် မူလက ဦးနော်ထွေးအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၄၃(၃) ၂၀၀၃-၂၀၀၄ အရ (၈-၆-၂၀၁၈)ရက်ထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးနော်ထွေးသည် ၇-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ထုဆမ်က ၆-၁၀-၂၀၂၂ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၃၈/ ၂၀၂၂)အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ အမွေဆက်ခံသူ ဒေါ်ထုဆမ်၏ (GP)လွှဲစာရရှိသူ ဒေါ်ခေါင်နန်းက ၁၇-၁၀-၂၀၂၂ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၇၈/၂၀၂၂)အရ ဦးဒေါင်ခေါင်နှင့် ဒေါ်ဆိုင်းတောမ်တို့ (၂) ဦးထံသို့ တရားဝင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသဖြင့် ယခုအခါ ဦးဒေါင်ခေါင် ၁၃/ကခန(နိုင်)၀၁၆၇၈၇နှင့် ဒေါ်ဆိုင်းတောမ် ၁၃/ကခန(နိုင်)၀၀၂၄၆၂တို့ (၂)ဦးအမည်ဖြင့် (အမည်ပြောင်း)မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၃/၁ခ)၊ ဦးပိုင်အမှတ်(၂၈)၊ မြေဧရိယာ(၀ဒသမ ၁၈၃)ကေရှိမြေကွက်သည် မူလက ဦးရှဒန်ခန်တန်ဂွန်းအမည်ဖြင့် ခရိုင်အမှုတွဲအမှတ်၊ ၃၀၃၈ V ၁၉၈၉-၁၉၉၀အရ (၃၀-၆-၂၀၂၀)ရက်ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန် အမည်ပေါက်သူ ဦးရှဒန်ခန်တန်ဂွန်း၏ မူလမြေဧရိယာ(၀ဒသမ၁၈၃)ကေအနက် ခြံမြေကွက် မြောက်အခြမ်း(၀ဒသမ၀၉၁)ကေအား (၁၇-၁၀-၂၀၂၂)ရက်စွဲပါ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၇၇/၂၀၂၂)အရ ဒေါ်နန်လွန်မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဒေါ်နန် လွန် ၁/မကတ(နိုင်) ၀၅၂၈၀၉ အမည်ဖြင့် (ဦးပိုင်ခွဲ/အမည်ပြောင်း)မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့ အထက(၁) Grade-8မှ ဦးဇော်လွင်၏သမီး မသင်းသူဇာခိုင်၏ အမည်မှန်မှာ မလင်းသူဇာခိုင်ဖြစ်ပါကြောင်း။

**မလင်းသူဇာခိုင်**

## မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

ဒေါ်ဝင်းဝင်းခိုင်၊ ၁၄/ဟသတ(နိုင်)၀၀၄၈၉၄ သည် နိုင်ငံသားစိစစ်ရေးကတ်ပြားတွင်ပါရှိသည့် မွေးသက္ကရာဇ်မှာ ၂၉-၁၂-၁၉၇၄ ဖြစ်နေပြီး ဝန်ထမ်းအမှုထမ်းသက်မှတ်တမ်းစာအုပ်တွင် ၂၉-၁၂-၁၉၇၃ ဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၁၂-၁၉၇၃ ဖြစ်ပါကြောင်း။ **ဒေါ်ဝင်းဝင်းခိုင်**
**၁၄/ဟသတ(နိုင်)၀၀၄၈၉၄**

## အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ အမှတ် ၁၉ရပ်ကွက်၊ အိမ်အမှတ် ၁၉/၃၂၈၊ ၁၉/၃၇၄မှ ဦးစိုးသန်းဦး ၇/တငန(နိုင်)၀၀၀၀၄၁နှင့် ဒေါ်သန်းသန်းဝင်း ၇/တငန(နိုင်)၀၁၃၉၈၈တို့၏ သားဖြစ်သူ မောင်မင်းခန့်ဦး ၇/တငန(နိုင်)၂၀၇၁၁၅၊ ချွေးမဖြစ်သူ မငုဝါလှိုင် ၇/တငန(နိုင်)၁၄၆၄၀၈၊ မြေးဖြစ်သူ မမိုးသဒ္ဒါခန့် တို့သည် ဖခင်၊ မိခင်တို့၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် အမွေစားအမွေခံအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းတို့၏ကိစ္စအရပ်ရပ်များကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**ဦးစိုးသန်းဦး၊ ဒေါ်သန်းသန်းဝင်း**

## မြေငှားဂရန်လျှောက်ထားချက်အပေါ်ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | မြေငှားဂရန်လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးနိုင်လင်းစိုး | ပုသိမ် | ကိုးဆူ | ၁၆၄-အေ၊ ကိုးဆူ | ၁၂၆-က/၆၊၁၁၆-က/၄ ၁၂၁-ခ၊ ၁၂၆-ခ၊ ၁၆၆-ခ | ၀.၃၆၀ | အမည်ပြောင်း |
| ၂ | ဦးနိုင်လင်းစိုး | ပုသိမ် | ကိုးဆူ | ၁၆၄-အေ၊ ကိုးဆူ | ၁၂၁-ခ ၊၁၂၆-ခ၊၁၆၆-ခ | ၀.၄၇၀ | အမည်ပြောင်း |
| ၃ | ဦးစောလင်းခယ် | ပုသိမ် | အမှတ်(၁၅) | ၁၆၃-ဘီ၊ထန်းကုန်း | အမ်-၁၄၉အေ | ၀.၀၂၇၅ | အသစ် |

ဖော်ပြပါ မြေငှားဂရန်လျှောက်ထားချက်များအား ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## တောင်ကြီးတက္ကသိုလ်
## (၂၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တောင်ကြီးတက္ကသိုလ်မှ ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်-

**(က) (၄-၁၂-၂၀၂၂)ရက် နံနက်ပိုင်း၊ နံနက် (၀၉:၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင် အထူးပြု |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ အထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြု။ |
| ဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြု။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | ပထဝီဝင် အထူးပြု။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | ပထဝီဝင်၊ သမိုင်း၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |

**(ခ) (၄-၁၂-၂၀၂၂)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |

**အစမ်းလေ့ကျင့်မည့်အစီအစဉ်**

**(က) (၃-၁၂-၂၀၂၂)ရက် နံနက်ပိုင်း၊ နံနက် (၀၉:၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင် အထူးပြု |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ အထူးပြုအားလုံး။ |
| မဟာဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြု။ |
| ဥပဒေဘွဲ့ | ဥပဒေပညာ အထူးပြု။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | ပထဝီဝင် အထူးပြု။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | ပထဝီဝင်၊ သမိုင်း၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ဘူမိဗေဒ အထူးပြုအားလုံး။ |

**(ခ) (၃-၁၂-၂၀၂၂)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာ/သိပ္ပံဘွဲ့ | မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ အထူးပြုအားလုံး။ |

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၃၀-၁၁-၂၀၂၂ရက်မှ ၁-၁၂-၂၀၂၂ ရက်အထိ တိုးချဲ့အားကစားရုံတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

ဘွဲ့ဝတ်စုံများကို တောင်ကြီးတက္ကသိုလ် တိုးချဲ့အားကစားရုံတွင် ၃၀-၁၁-၂၀၂၂ရက်နှင့် ၁-၁၂-၂၀၂၂ရက် နံနက် ၉:၃၀ နာရီမှ စတင်ထုတ်ပေးမည်ဖြစ်၍ မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်များ ယူဆောင်လာကြရမည်ဖြစ်သည်။

**(ဇော်မင်းဦး)**
**ဌာနမှူး**
**သင်တန်းရေးရာ**
**တောင်ကြီးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ် (E-၀၁၄)၊ မြေဧရိယာ ၀ဒသမ၀၃၇ဧကရှိ ဦးခင်မောင်ဝင်း(ဘ)ဦးမောင်ငွေ ၁၂/မဂဒ(နိုင်)၀၀၆၆၉၃ အမည်ပေါက် (ပါမစ်) မြေကွက်ကို ဦးခင်မောင်ဝင်းထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၂၅၂၂/၂၀၁၉)၊ (၂၀-၆-၂၀၁၉)ရရှိထားသူ ဦးဇေယျာမင်း(ဘ)ဦးအောင်မြင့် ၈/သရန(နိုင်)၀၇၁၃၅၃မှ မြေပေးမိန့်(ပါမစ်) မူရင်းတင်ပြ၍ ဦးခင်မောင်ဝင်းအမည်ဖြင့် မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဟသ်ာတတက္ကသိုလ်
## (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းရန်ကြေညာချက်

၁။ ဟသ်ာတတက္ကသိုလ်(၂၀၁၉-၂၀၂၀)ပညာသင်နှစ်၊ မဟာဘွဲ့ (ဝိဇ္ဇာ/သိပ္ပံ)(၂၀၁၃-အောင်)၊ ဂုဏ်ထူးတန်းဘွဲ့(ဝိဇ္ဇာ/သိပ္ပံ) (၂၀၁၅-အောင်)၊ တတိယနှစ်ဂုဏ်ထူးတန်း၊ ရိုးရိုးဘွဲ့ရ (၂၀၁၅-အောင်)၊ ရိုးရိုးဘွဲ့(ဝိဇ္ဇာ/သိပ္ပံ)(၂၀၁၆-အောင်)အောင်မြင်သူများ။

၂။ (၂၀၂၁-၂၀၂၂)ပညာသင်နှစ် မဟာဘွဲ့(ဝိဇ္ဇာ/သိပ္ပံ)(၂၀၁၄-အောင်)၊ ဂုဏ်ထူးတန်းဘွဲ့(ဝိဇ္ဇာ/သိပ္ပံ)(၂၀၁၆-အောင်)၊ ကျောင်းသား၊ ကျောင်းသူများသည် ဟသ်ာတတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၃။ ဘွဲ့လျှောက်လွှာ တင်သွင်းခြင်းကို (၂၈-၁၁-၂၀၂၂)ရက်မှ (၁၆-၁၂-၂၀၂၂)ရက်အထိ နောက်ဆုံးထား၍ တရားဝင်ရုံးပိတ်ရက်မှအပ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသူများသည် ဟသ်ာတတက္ကသိုလ် သင်တန်းရေးရာဌာန(ဘွဲ့နှင်းဌာနခွဲ)တွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် (၆) လအတွင်း နောက်ဆုံးရိုက်ကူးထားသော (၂" x ၁ ၁/၂")အရွယ် ဓာတ်ပုံ(၂) ပုံကို ပူးတွဲ၍ လျှောက်ထားရမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူ-ပါယူဆောင်လာရန်)

၅။ ဘွဲ့နှင်းသဘင်ကြေးကိုကိုယ်တိုင်ပေးသွင်းလိုသူများသည် ဟသ်ာတတက္ကသိုလ် "ငွေလက်ခံဌာန" သို့ပေးသွင်းနိုင်ပါသည်။

၆။ နယ်မှလျှောက်ထားလိုသူများသည် သတ်မှတ်ကြေးကို "ပါမောက္ခချုပ် ဟသ်ာတတက္ကသိုလ်"သို့လိပ်မူ၍ စာတိုက်ငွေပို့ လွှာ (Postal Money Order)ဖြင့်ပေးပို့နိုင်ပါသည်။ ပေးပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေး" ဟုဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ အောင်မြင်သည့်ခုနှစ် စသည်တို့ကို တိကျစွာဖော်ပြရမည်။

၇။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်လိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)ကို ပေးသွင်းရမည်ဖြစ်ပါသည်။

၈။ ဘွဲ့တက်ရောက်မည်ဟု လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့ လက်မှတ်များထုတ်ပေးသည့် အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၉။ ယခင်ဘွဲ့နှင်းသဘင်များတွင် ဘွဲ့ယူရန်လျှောက်ထားခြင်း မရှိခဲ့သူများသည် ယခု(၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားနိုင်ပါသည်။

၁၀။ ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်နှင့် အစီအစဉ်များကို ထပ်မံကြေညာပါမည်။

**ဌာနမှူး**
**(သင်တန်းရေးရာ)**
**ဟသ်ာတတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၁၁)လမ်း၊ အမှတ်(၃၀၄)ဟုခေါ်တွင်သော အလျား (၂၅)ပေ x အနံ(၅၀)ပေအကျယ်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ခင်ကြူကြူအေး ၁၂/မရက(နိုင်) ၁၃၁၈၃၇မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇင်မာအောင်ကလည်း ဝယ်ယူရန်အတွက် ရောင်းဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်သက်သက်မွန် | ဦးသုထက်ကျော်လွင် | ဒေါ်ချယ်ရီသန်းစိုး |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၁၀၆၀၅/၂၀၁၅) | (စဉ်-၄၉၅၀၂/၂၀၁၈) | (စဉ်-၅၄၉၆၃/၂၀၂၂) |

ဖုန်း-၀၉-၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၈၆၇)၊ မြေဧရိယာ ၀ဒသမ၀၆၅ဧကရှိ ဦးကိုကိုလေး(ဘ)ဦးဝင်းမြင့် ၉/မကန(နိုင်)၀၀၅၁၀၈ အမည်ပေါက် (ပါမစ်)မြေကွက်ကို ဦးစောမင်းကို၊ ဒေါ်အိသော်တာ(ဘ)ဦးကိုကိုလေး၊ ဦးခင်မောင်မြင့် ၉/မကန(နိုင်)၀၆၆၅၁၉၊ ၉/မကန(နိုင်) ၀၇၀၇၉၆မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## MIV Co.,Ltd နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ Royal Yoma Co.,Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

လိပ်သဲကျောက်(လမ်းခင်းကျောက်) ရောင်းချသူ Royal Yoma Co.,Ltd၊ အမှတ်(၄၃)၊ စစ်တောင်းတံတားလမ်းခွဲ၊ မုပ္ပလင်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်

နှင့်

လိပ်သဲကျောက်ဝယ်ယူသူ MIV Co.,Ltd၊ အမှတ်(၈၄/၈၅)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ ၁၁၃ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့တို့သည်-

(၁) ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်တွင် လိပ်သဲကျောက်များ မြန်မာပြည်တစ်ဝန်းလုံး ဖြန့်ဖြူးရန်အတွက် ရန်ကုန်မြို့တွင် MIV Co.,Ltd ကိုတစ်နှစ်သက်တမ်းရှိ တစ်ဦးတည်း အရောင်းကိုယ်စားလှယ်အဖြစ် သဘောတူ သတ်မှတ်သည့် ကတိစာချုပ် ချုပ် ဆိုခဲ့ကြပါသည်။အထက်ပါ စာချုပ်နှင့်ဆက်စပ်သည့်-

(၂) ၂၀၂၀ပြည့်နှစ်၊ ဇွန်လ ၁၃ ရက်တွင် လိပ်သဲကျောက်အရောင်းအဝယ်ပြုလုပ်သည့် ကတိစာချုပ်-

(၃) ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်တွင် လိပ်သဲကျောက်အရောင်းအဝယ်ပြုလုပ်သည့်ကတိစာချုပ်များကိုချုပ်ဆိုထားခဲ့ကြပါသည်။

၁၃-၆-၂၀၂၀ရက်တွင် ချုပ်ဆိုခဲ့သည့် အရောင်းအဝယ်ကတိစာချုပ်အရ လိပ်သဲကျောက်(လမ်းခင်းကျောက်) ကျင်းပေါင်း (၁၇၀၀)ကို Royal Yoma Co.,Ltd၏ ကျောက်မိုင်းသို့ MIV Co.,Ltdမှ မော်တော်ယာဉ်များစေလွှတ်၍ သယ်ဆောင်သွားခဲ့ပြီး ဖြစ်ပါသည်။ ဆက်လက်၍ သယ်ယူရန်ပျက်ကွက်မှုမှာ MIV Co.,Ltd ၏ တာဝန်သာဖြစ်ပါသည်။

(၁-၇-၂၀၂၀)ရက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် သဘောတူသတ်မှတ်သည့် ကတိစာချုပ်မှာ (၁-၇-၂၀၂၁)ရက်တွင် တစ်နှစ်သက်တမ်းကုန်ဆုံး၍ စာချုပ်ရပ်စဲခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ စာချုပ်တွင်ပါရှိသည့် သဘောတူညီချက်များကို ထည့်သွင်းချုပ်ဆိုထားသည့် (၁၃-၆-၂၀၂၀)နှင့်(၁-၇-၂၀၂၀)ရက်စွဲပါ အရောင်းအဝယ်ပြုလုပ်သည့် ကတိစာချုပ်များမှာလည်း သက်တမ်းကုန်ဆုံးရပ်စဲခဲ့ပြီးဖြစ်ကြောင်း လေးစားစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

သို့ဖြစ်ပါ၍ Royal Yoma Co.,Ltd၏ ဂုဏ်သိက္ခာနှင့်ဒါရိုက်တာအဖွဲ့ဝင်တို့ကို ထိခိုက်နစ်နာစေမည့်အပြုအမူများ၊ ဆောင်ရွက်ချက်များ မပြုလုပ်ရန် လေးစားစွာဖြင့် တောင်းဆိုအပ်ပါသည်။ ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးအနက် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းလွင်အောင်(ခ)ဦးဝင်းလွင်အောင်ချို (LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၂၇/၁၉၉၉)**
**အမှတ်(၁၅၆)၊ လေးလွှာ(ဘယ်)၊ (၃၇)လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၇၅၅၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေဈေးဟောင်းလမ်း၊ အမှတ်(၂၃)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၈) ထပ်တိုက်၏ မြေညီ(ခေါင်းရင်းဘက်ခြမ်း) အကျယ်အဝန်း(၁၈ x ၅၅) ပေရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားဦးထွန်းထွန်းနိုင် ၁၂/တမန(နိုင်) ၀၉၃၅၄၃မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအာမီဒူလ်လ္လာ(ခ)ကျော်နိုင် ၁၂/မဂဒ(နိုင်) ၁၁၇၀၁၃ပါ(၂)တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ(LL.B,D.B.L,D.M.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်(၁၅/၉၁)၊ (တတိယထပ်-ညာ)၊ ပတ္တမြားလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ ရေဦးမြောက်ရွာနေ ဦးအယ်လ်ပန်းလာ (ကွယ်လွန်)-ဒေါ်ထုသိန်းတို့၏သား မောင်အောင်ဆန့် ၉/မကန(နိုင်)၁၃၂၄၂၂သည် မိဘနှစ်ပါး၏ဂုဏ်သိက္ခာနှင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်သာမက မိဘနေအိမ်မှ ယခုဆင်းပြီး ပြဿနာပေါင်းစုံကြောင့် ငွေကြေးများပေးလျော်ခဲ့ရသည်မှာလည်း အကြိမ်ကြိမ်ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့မှစပြီး သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ထုသိန်း ၁/မညန(နိုင်)၀၇၄၇၉၅**

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အလက မဿမံ(ဆင်) Grade-9 မှ မောင်ဟိန်းထက်ဇော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းအောင် ၁၄/ပတန(နိုင်)၁၄၀၂၇၁ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အလက မဿမံ(ဆင်)Grade-5 မှ မောင်ရဲဇော်လင်းနှင့် Grade-8 မှ မောင်သန်းဇော်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထွေး ၁၄/ပတန(နိုင်) ၁၆၂၆၂၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အလက မဿမံ(ဆင်)Grade-7 မှ မောင်မင်းခန့်ကိုနှင့် အထက၊ ဓနော် Grade-10 မှ မောင်ဟိန်းမင်းကိုတို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်ညီမိမ်း ၁၄/ပတန(နိုင်) ၂၀၈၉၂၈ ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ငြိမ်းချမ်းအောင် ၁၁/ကဖန(နိုင်)၁၂၂၅၁၉၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်မ မဆန်းလှဝင်း ၁၁/ပတန(နိုင်)၀၉၅၉၉၄၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/82707, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိရတနာ ၁၄/အဂပ(နိုင်) ၂၁၇၆၉၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၃)ရပ်ကွက်၊ ကောလိယပိုင်းနေ ဒေါ်ရင်ရွှေ ၇/ညလပ(နိုင်) ၁၁၆၄၀၈၏သမီး မယဉ်ပပရီ ၇/ညလပ(နိုင်) ၁၆၃၄၂၄ သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များဆောင်ရွက်ပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း၊ နောက်နောင်၎င်းနှင့် ပတ်သက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဒေါ်ရင်ရွှေ**
**၇/ညလပ(နိုင်) ၁၁၆၄၀၈**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ် (၆၉)၊ ဗန္ဓုလလမ်းသွယ်၊ မြေကွက် အမှတ်(၁၉၁၂)၊ (၄၀x၆၀)ပေ အနက်မှ ခြေရင်းခြမ်းဖြစ်သော အမှတ်(၁၉၁၂/ခ)၊ (၂၀x၆၀)ပေရှိ မြေချပါမစ် အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စန်းရီ အမည်ပေါက် မြေချပါမစ်မိတ္တူနှင့်အတူ အဆက်အစပ် စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးထွန်းထွန်းဝင်း ၉/မခန (နိုင်) ၁၅၃၇၇၃ မှ မိမိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ မြေကွက်အား စာရွက်စာတမ်း အပြည့်အစုံဖြင့် အပြီးအပိုင်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက တရားဝင်မိမိအမည်ပေါက်ပြောင်းလဲရန်အတွက် ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ခိုင်ဝေဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဦးဇော်မိုးလွင် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ် ၇၈၁၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၄၄၃၅၃၅၃၊ ၀၉ ၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက် အမှတ်(၆၉)၊ မြေကွက်အမှတ်(၅၄၀)၊ အနော်ရထာလမ်း၊ မြေဧရိယာ ၀.၀၅၅ ဧက၊ အလျားxအနံ (၄၀x၆၀)ပေ၊ အကျယ်အဝန်းရှိ ပါမစ်မြေနှင့် ၎င်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးမင်းသန့် ၁၂/သဃက(နိုင်)၁၅၄၁၆၄ မှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက် စာတမ်းမူရင်းများဖြင့် ယခုကြေငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသူဇာအောင်(LL.B) ဦးကျော်မင်းဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၉၄၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၇၀)**
**ဖုန်း- 09-4245968 30 ဖုန်း - ၄၂၀၁၈၀၃၀၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄. ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၄၂၀၊ ၂၄၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၄၂၀)၊ သမိန်ထောလမ်း၊ ၁၄.ရွှေပေါက်ကံမြို့သစ်၊ အရာခံဗိုလ်စိုးမောင် (ISN.၄၅၄၇၁၈) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်အရာခံဗိုလ်စိုးမောင် (ဖခင်)သည် ၁၆-၇-၂၀၂၁ ရက်တွင်လည်းကောင်း၊ ဒေါ်သန်းသန်း(မိခင်)သည် ၁၈-၆-၂၀၁၈ ရက်တွင်လည်းကောင်း ကွယ်လွန်ခဲ့သဖြင့် ဒေါ်သန်းနွဲ့ရီ ၇/ ပခန (နိုင်) ၁၁၉၀၁၀၊ ဦးအောင်ကျော်ဦး ၁၃/နစန(နိုင်)၀၀၂၇၇၀ တို့မှ တရားဝင်အမွေ ဆက်ခံခွင့်ရှိသည့် သား/သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေစား၊ အမွေခံနှင့် ကိတ္တိမသား/သမီးများမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် ၂၄၈/ ၅-၄-၂၀၂၂၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )**

**ဗိုလ်တထောင်မြို့နယ် တရားရုံးတော်၌**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၁**

ဒေါ်နီလာမြ **နှင့်** ဦးဇော်မင်းထွန်း
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၂-လမ်း၊ အမှတ် (၃၃)၊ မြေညီထပ်(ညာ)နေ တရားပြိုင် ဦးဇော်မင်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာကို တင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(စုစန္ဒာမြင့်)**
**ဒုတိယမြို့နယ်တရားသူကြီး (၂)**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

## (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားလွှာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏**
**(၃၁) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို**
**အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍**
**တက်ရောက်ချီးမြှင့်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။**

**ကျင်းပမည့်နေ့ရက်** - ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက် (ကြာသပတေးနေ့) (ကရင်နှစ်သစ်ကူးနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၁:၀၀ နာရီ (၁၂:၃၀ နာရီတွင် ကြိုတင်နေရာယူပေးပါရန်)
**ကျင်းပမည့်နေရာ** - Pan Pacific Hotel (Pacific Ballroom)

အသင်းချုပ်အသင်းသားများအနေဖြင့် တက်ရောက်နိုင်ပါရန်နှင့် ဆွေးနွေးအကြံပြုလိုသည်များရှိပါက အကြံပြုချက်များကို ကုန်သည်စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာနသို့ (၁၂-၁၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား ပေးပို့နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အသင်းသားများထံ အီးမေးလ်ဖြင့် ကြိုတင်ပေးပို့သွားမည်ဖြစ်ပြီး အစီရင်ခံစာကို ကုန်သည်စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာနတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

အသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အသင်းသားများ အဆင်ပြေချောမွေ့စွာ ပါဝင်တက်ရောက်နိုင်ရေးအတွက် အသင်းချုပ် Website (www.umfcci.com.mm) တွင် Online Registration ဖြင့် ၁၉-၁၂-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ကြိုတင်အမည်စာရင်းပေးသွင်းနိုင်ပါသည်။ စာရင်းပေးသွင်းထားသူများအား အစည်းအဝေး တက်ရောက်ခွင့် QR Code များကို အီးမေးလ်မှတဆင့် အချိန်မီပေးပို့သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း** - ၀၉-၇၇၆၉၉၉၉၂၀၊ ၀၉-၇၇၆၉၉၉၉၃၀၊ ၀၉-၇၇၆၉၉၉၉၄၀ **အီးမေးလ်** - ma@umfcci.com.mm

**အလုပ်အမှုဆောင်အဖွဲ့**
**ကုန်သည်စက်မှုအသင်းချုပ်**


## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက် အမှတ် ၂၃၊ မြေကွက်တည်နေရာအမှတ်(၁၅)၊ ၅၁/၅၃၊ ပြည်တော်သာလမ်း၊ (၁) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးအပ္ပဒူရာမန်အီးအချား(D-၀၁၇၇၂၃)၊ ၁၂/ကတတ (နိုင်)၀၁၅၃၅၃ အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဖော်ပြပါမြေကွက်ကြီးအနက်မှ ဧရိယာ ၀ ဒသမ ၀၉၁ ဧကနှင့် ၄၅'x၆၄' portion (၂)ခုကို အမည်ပေါက်ထံမှ နှစ်ဦးသဘောတူကတိစာချုပ်ဖြင့် ဒေါ်ခင်ရွှေမှ ဝယ်ယူခဲ့ပြီး အမည်ပေါက်၏ အခွင့်ရကိုယ်စားလှယ် ဦးအပ္ပဒူရာရှစ်ကို (တရားပြိုင်)ထား၍ (တရားလို)ဒေါ်ခင် ရွှေကွယ်လွန်သဖြင့် ၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းကြည်ပါ (၈)ဦးမှ ဖော်ပြပါ (portion)(၂)ခုကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် သဃ်န်းကျွန်းမြို့နယ်တရားရုံးတွင်စွဲဆိုသော တရားမကြီးမှုအမှတ်(၁၈/၂၀၁၃)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၁/၂၀၁၇)၏အမိန့်၊ ၂၁-၅-၂၀၁၈ ရက်စွဲပါ တရားရုံးဘိလစ်ခန့်စာ၊ ဂရန်(မိတ္တူမှန်)တို့တင်ပြ၍ ဘိလစ် ဦးထွန်းထွန်းအောင် ၉/မလန(နိုင်)၀၉၅၇၆၈ မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူး(portion) နှစ်ကွက်လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ ပုညဝပုနလမ်း၊ တိုက်အမှတ် ၉ ရှိ ၇ လွှာ/အေ(ခေါင်းရင်းဘက်ခြမ်းရှိတိုက်ခန်း)ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပါ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဦးအာထန် ၁၃/မရတ(နိုင်)၀၁၂၈၂၂ (၎င်း၏ကိုယ်စား GP အရ လက်မှတ်ရေးထိုးသူ မောင်မင်းသူရဟန် ၁၂/ဥကမ(နိုင်)၁၉၉၉၄၆)ထံမှ ဒေါ်တင်ကြည် ၁၂/လသန(နိုင်) ၀၀၀၇၄၀၊ မောင်ဝေယံမိုးမြင့် ၁၂/ကမတ(နိုင်)၀၇၇၀၄၀ တို့က လက်ရောက်ဝယ်ယူရန် စရံငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း သက်ဆိုင်ရာစာချုပ်စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေအရ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်သိန်းကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၇၃/၂၀၁၂)**
**"Practice Lawyer" Law Group**
**ရုံးခန်း - တိုက် B-1၊ အခန်း ၁၀၂၊ ပထမထပ်၊ ဗညားဒလမ်း၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၇၆၁၀၃၆၉၀၆၊ Facebook land lawyer 1**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးသူရိန်ထွန်း ၁၂/ဒလန(နိုင်)၀၃၆၇၄၁၊ ဒေါ်ငြိမ်းငြိမ်းမြင့် ၁၂/ဒလန(နိုင်)၀၅၈၅၈၆ တို့၏သားဖြစ်သူ မောင်စည်သူထွန်း ၁၂/ဒလန(နိုင်)၀၈၅၁၄၂ သည် မိဘစကားကို နားမထောင်ပါသဖြင့် ၂၄-၁၁-၂၀၂၂ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်အပြီးအပိုင်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ လူမှုရေးကိစ္စ၊ ငွေကြေးကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါ။

**ဖခင်-ဦးသူရိန်ထွန်း ၁၂/ဒလန(နိုင်)၀၃၆၇၄၁**
**မိခင်-ဒေါ်ငြိမ်းငြိမ်းမြင့် ၁၂/ဒလန(နိုင်)၀၅၈၅၈၆**

## အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သော်သော်ထွန်း ၅/ကဘလ (နိုင်) ၁၃၁၃၁၀ သည် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ တိုက်အမှတ်(၁၁၉)၊ ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)လွှာတိုက်ခန်းများထဲမှ တိုက်အားမျက်နှာမူလျှက်(ညာမြေညီထပ်)၊ အကျယ်အဝန်း(၁၃ပေ x ၅၀ပေ) ပေါ်ရှိ တိုက်ခန်းနှင့်ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်ခင်ခင်အေးထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးမင်းခန့်အောင် ၁၂/ဥကမ(နိုင်)၂၁၀၁၀၂ ထံမှ (၂၁. ၁၁. ၂၀၂၂)ရက်တွင် တိုက်ခန်း တစ်ခန်းနှင့် အဆိုပါတိုက်ခန်း၌ လူနေထိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ်ဦးသဘောတူ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းများရှိခဲ့ပါက ရောင်းချသူနှင့်သာ ဖြေရှင်းပြီးဝယ်ယူသူနှင့် မသက်ဆိုင်ကြောင်း အများသိစေရန် အပ်ပါသည်။

**ဒေါ်သော်သော်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၈)**
**အမှတ်(၂၁၈)၊အင်း၀(၅)လမ်း၊ (၁၂)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၀၈၃၈၇၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ အကွက်အမှတ် (၂၈)ညောင်သုံးပင် မြောက်ကွက်၊ ဦးပိုင်အမှတ် (က/၂၇၅)၊ ဖွံ့ဖြိုးရေးလမ်း၊ မြေကွက်အမှတ် (ယ/၅)ဧရိယာ (၀.၀၅၅) ဧကရှိ RPNO ၄၁၂ V ၉၀-၉၁ အရ ဗိုလ်ကြီးမောင်ကို အမည်ပေါက် ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ လူနေ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဦးဇင်မင်းဝေ ၁၂/သလန(နိုင်)၀၉၈၀၀၆ က ပြန်လည်ဝယ်ယူရန်အတွက် ဒေါ်ချိုချို ၁၂/ဗဟန (နိုင်)၀၁၅၂၇၁ အား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုသည့်ပစ္စည်းနှင့် ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်၍ လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇာနည် (LL.B, D.B.L) ဒေါ်နှင်းနှင်းထွေး (LLB)(စဉ်-၂၄၉၆၈)**
**(စဉ် - ၁၄၆၆၈) ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL.B) (စဉ် - ၅၀၈၅၄)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၃)၊ မြေကွက်အမှတ်(၄/၃က)၊ အကျယ်အဝန်း(၀.၁၅၀)ဧက၊ ဘောဂ လမ်း၊ အမှတ် (၂၀၆) ရှိ မြေကွက်နှင့် အဆောက်အအုံ အပါအဝင် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားပိုင်ခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းသိမ်း ၁၂/ဗဟန(နိုင်) ၀၅၅၁၄၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သတ်၍ အကျိုးသက်ဆိုင်သဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါနွယ် (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၈၁)**
**တိုက်-(၁၃၈)၊အခန်း-၄-ဘီ၊ သုမင်္ဂလာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၀၀၄၀၆၈၈၆၊ ၀၉-၉၆၀၅၅၄၂၆၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/85628 Roven-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သက်ဝေ ၁၂/မဂဒ(နိုင်) ၀၈၂၃၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1F/3189 Mitsubishi Canter, L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိန်းရင် PII ၀၀၉၂၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2W/11325 Honda Dream C100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်းဦး ၇/မညန(နိုင်)၀၄၇၃၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်) ပြည်မြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၉

**ကွယ်လွန်သူ ဦးကျော်မင်း၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၄၅/ရေကြည်နောက်၊ ဦးပိုင်အမှတ် (၇၈/၁)၊ ဧရိယာ ၂ ဒသမ ၀၁ ဧကအကျယ်အဝန်းရှိ လယ်ယာမြေကွက်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်မင်း၏ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဝင်းမြင့်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်နေ့)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်မင်း၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၇ ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်နေ့)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်းကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဝင်းမြင့်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးဌေးလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄ရပ်ကွက်၊ သရဖူ(၁)လမ်း၊ အမှတ်(၁၀၀၃/ခ)၊ အကျယ်အဝန်းပေ(၂၀ ၁/၂ x ၆၃)၊ ဧရိယာစတုရန်းပေ ၁၂၉၀၊ ဧက ၀ ဒသမ ၀၃၀ ဦးအောင်ထွန်းကျော်အမည်ပေါက် နှစ် ၆၀ ဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်လွင်လွင်မြင့် ၇/ကဝန(နိုင်)၀၈၅၁၄၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇင်မျိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၀၇၃)**
**၅၄ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁၃၀၇)၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၆၁၃၃၄၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈.B.2၊ မြေကွက်အမှတ် ၈၁၊ မြေကွက်တည်နေရာအမှတ်(၉၁/A)၊ ကျွန်းတောလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်း၊ ဒေါ်အေးမြင့် ၁၂/စခန(နိုင်)၀၂၁၁၇၈ အမည်ပေါက်နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၉၂/၁-၇-၂၀၂၁ ဖြင့် လွှဲအပ်ခံရသူ GP ဒေါ်စန္ဒာအောင် ၁၂/စခန(နိုင်)၀၂၀၀၉၇ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃၀၁/၂၀-၉-၂၀၂၂၊ မြေငှားဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ပါ ၂၀၂၂ ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံ၊ မြေရာဇဝင်မှာပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာအမှတ် ၄၁၂/ ၄-၁၀-၂၀၂၂ ကို တင်ပြလာသဖြင့် အဆိုပါလျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/1735 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## မောင်နှမအဖြစ်မှ အပြီးအပိုင် မသက်ဆိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ၁၅x၁၆ လမ်း၊ နှင်းဆီခြံရပ်နေ မပြည့်ဖြိုးငယ် (ဘ)ဦးတင်မောင် ၉/ခမစ(နိုင်)၀၆၂၇၉၀သည် မောင်နှမများအပေါ် စိတ်ဆင်းရဲအောင် ခွင့်မလွှတ်နိုင်သည့် လူမှုရေးကိစ္စများကို ၎င်း၏သဘောအတိုင်း ပြုမူဆောင်ရွက်နေပါသဖြင့် ၎င်းအား မောင်နှမအဖြစ် စွန့်လွှတ်လိုက်၍ မသက်ဆိုင်တော့ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မနှင်းနှင်းမာ ၉/မရမ(နိုင်)၀၈၉၉၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈.B.2၊ မြေကွက်အမှတ် ၈၀၊ မြေကွက်တည်နေရာအမှတ်(၉၃)၊ ကျွန်းတောလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်း၊ ဒေါ်အေးမြင့် ၁၂/စခန(နိုင်)၀၂၁၁၇၈ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၉၂/၁-၇-၂၀၂၁ ဖြင့် ကိုယ်စားလှယ်စာရသူ GP ဒေါ်စန္ဒာအောင် ၁၂/စခန(နိုင်)၀၂၀၀၉၇ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃၀၃/၂၀-၉-၂၀၂၂ မြေငှားဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကို တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ပါ ၂၀၂၂ ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ် စာချုပ်ရန် မြေပုံမြေရာဇဝင်မှာပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာအမှတ် ၄၁၄/ ၄-၁၀-၂၀၂၂ ကို တင်ပြလာသဖြင့် အဆိုပါ လျှောက်ထားမှုအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိ ပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈.B.2၊ မြေကွက် အမှတ် ၈၂၊ မြေကွက်တည်နေရာအမှတ်(၈၉)၊ ကျွန်းတောလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်း၊ ဒေါ်အေးမြင့် ၁၂/စခန(နိုင်)၀၂၁၁၇၈ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၈၉၂/၁-၇-၂၀၂၁ ဖြင့် ကိုယ်စားလှယ်စာရသူ ဒေါ်စန္ဒာအောင် ၁၂/စခန(နိုင်)၀၂၀၀၉၇ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃၀၂/၂၀-၉-၂၀၂၂ မြေငှားဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ပါ ၂၀၂၂ ခုနှစ်တွင် ကူးယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံ၊ မြေရာဇဝင်မှာပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ အမှတ် ၄၁၃/၄-၁၀-၂၀၂၂ ကို တင်ပြလာသဖြင့် အဆိုပါလျှောက်ထားမှုအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မူမူ ၅/ရဥန(နိုင်)၀၅၆၅၅၁ သည် ဦးစန်းအောင် ၁၂/ဒပန(နိုင်)၀၀၂၄၂၆ တရားဝင်လက်ရှိထားပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(၆)၊ အခန်း(၂၀၂)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၃၃၆)**
**တိုက်(၁၂၇)၊ အခန်း(၆)၊ ရန်နိုင်လမ်းသွယ်(၅)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၈၀)၊ ဒါဘာ(ဘီ)၊ (အလျားxအနံ) (၂၅ပေxပေ၅၀) အကျယ်အဝန်းရှိတိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ ဦးခိုင်မြင့် ၁၄/မအန(နိုင်)၀၄၆၄၆၄ ပိုင်ဆိုင်သော အထက်ပါတိုက်ခန်းအား ကန်ထရိုက်တာဆီမှ တိုက်ရိုက်ဝယ်ယူထားပြီး မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်းဝန်ခံကာ ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းယုအောင်မှ ၁၂/ရကန(နိုင်)၀၇၅၁၁၀မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမင်းယုအောင်**
**၁၂/ရကန(နိုင်)၀၇၅၁၁၀**
**ဖုန်း-၀၉-၅၀၈၈၂၉၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ခနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၅/သိဒ္ဓိရပ်၊ မြေကွက်အမှတ်(C-၆)၊ ဧရိယာ(၁)ဧကရှိ ဒေါ်အေးဇာခြည်ဦး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးအေးလှိုင်(ဘ) ဦးအေးမောင် ၁၂/ဥကတ(နိုင်)၀၅၁၇၂၁ မှ မြေငှားစာချုပ်အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၄၁၁/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်သူသူဝင်း(ဘ)ဦးမောင်ဝင်း ၁၄/ပသန(နိုင်)၁၉၀၇၈၀ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း

၁။ **သင်တန်းဖွင့်မည့်ရက်များ**
(က) **အမှတ်စဉ်(၄/၂၀၂၂)** - ၁၄-၁၂-၂၀၂၂ရက် မှ၂၀-၁၂-၂၀၂၂ ရက်ထိ
(ခ) **သင်တန်းချိန်** - ၉:၀၀ နာရီ မှ ၄:၀၀ နာရီထိ
၂။ **သင်ကြားပို့ချမည့်ဘာသာရပ်များ** - မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းများ
၃။ **သင်တန်းကြေး** - အခမဲ့ (သင်တန်းကာလတွင် ဌာနမှ သင်တန်းဆောင်တွင် အခမဲ့နေထိုင်ခွင့်ပြုပါမည်။)
၄။ စားစရိတ်၊ သင်တန်းမှတ်စု၊ လက်တွေ့လုပ်ငန်းဆောင်ရွက်မှု
**ကုန်ကျစရိတ်နှင့်** - သင်တန်းသားများ ကျခံရမည်။
**ပြင်ပမှိုခြံလေ့လာရေး**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊
စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ
ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(၁၀)မိုင်သင်တန်းကျောင်း
ဟံသာဝတီဂေါက်ကွင်းရှေ့၊ ပဲခူးမြို့နယ်
**ဆက်သွယ်ရန်** - ၀၉-၄၂၀၁၇၇၁၁၅၊ ၀၉- ၂၅၄၃၈၂၂၈၇
(သင်တန်းသား ၃၀ ဦးသာ လက်ခံမည်ဖြစ်ပါသည်။)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/9713 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## အထွေထွေကိုယ်စားလှယ်လွှဲစာအား တစ်ဖက်သတ်ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ ပုန်ကုန်းကျေးရွာနေ ဦးမျိုးမြင့်ဆွေ (ဘ)ဦးထွန်းရှိန် ၉/မမန(နိုင်) ၀၄၈၀၈၄ မှ ၁၆-၈-၂၀၂၂ ရက်တွင် ပြင်ဦးလွင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၂၉/၂၀၂၂)ဖြင့် မန္တလေးမြို့၊ မဟာမြိုင်(၁)၊ မဟာအောင်မြေမြို့နယ်နေ ဒေါ်မေသဇင်ထွန်း(ဘ)ဦးသိန်းထွန်း ၉/ခအဇ (နိုင်) ၀၂၈၁၉၇ အား အသိသက်သေများ ရှေ့မှောက်တွင် လွှဲအပ်ပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ အပြီးအပိုင် တစ်ဖက်သတ်ပြန်လည် ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမျိုးမြင့်ဆွေ**
**၉ /မမန(နိုင်)၀၄၈၀၈၄**
**ပုန်ကုန်းကျေးရွာ၊**
**ပြင်ဦးလွင်မြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/6163 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မင်းမင်းစိုး (ဘ) ဦးဇော်ဝင်း ၉/တကန(နိုင်)၁၂၀၇၄၃ ၏ နိုင်ငံကူးလက်မှတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၃၅၃၈၀၄၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/8155 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိ(၇)လမ်း၊ မြေကွက်အမှတ် (၁၃၈) ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော (၆-ထပ်) အဆောက်အအုံမှ (ပထမ-ထပ်) ရှိ တိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုလက်ဝယ်လက်ရောက် ပိုင်ရှင်ဖြစ်သူ ဒေါ်ယုယုခိုင်(ဘ) ဦးသန်းစိန် ၁၄/ပသန(နိုင်)၁၅၂၈၇၂ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူထားသည့် ၁၇-၁၁-၂၀၂၂ ရက်တွင် တန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၈၁၉၆/၃.၄.၂၀၁၂)**
**အမှတ်(၁၄၁)၊ ကျန်စစ်သားလမ်း၊ (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၄၆၈၂၃၊ ၀၉-၄၄၃၀၆၆၅၄၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဦးစိန်ဝင်း၏ ညွှန်ကြားချက်အရ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ အောင်သုခကျေးရွာနေ ဦးစိန်ဝင်း ၉/လဝန(နိုင်) ၁၀၈၆၇၂ သည် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်၊ မြို့လယ်ကျောင်းနေ ဦးသီဟ ၇/ပမန(နိုင်)၀၅၆၄၃၃ ပိုင်ဆိုင်နေထိုင်သော နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကြာပင်အုပ်စု၊ အောင်သုခရွာရှိ အလျား ပေ ၄၀၊ အနံ ပေ ၄၀ ကျယ်ဝန်းသည့် ဝိုင်းခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်၊ စားပင်တို့၏ အကျိုးခံစားခွင့် အရပ်ရပ်ကို ၁၁-၃-၂၀၂၂ ရက်တွင် တန်ဖိုးငွေ ကျပ်(၈,၅၀၀,၀၀၀/-)၊ (ကျပ်ရှစ်ဆယ့်ငါးသိန်းတိတိ)ဖြင့်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘချစ်(ခ)ဦးချစ်ဦးမောင်(LL.B)**
**စဉ်-၅၄၂၂၇၊ အထက်တန်းရှေ့နေ**
**ဖုန်း-၀၉၄၅၃၂၄၆၂၁၃**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/3535 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/4895 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4M/8157 Toyota RACJW NSP Hatch Back(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပွင့်စုမွန် ၈/ပဖန(နိုင်)၀၇၅၄၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ Smile Private ကျောင်း Grade-7 တွင် ပညာသင်ကြားနေသော ဦးလိုကာနတ်၏သမီး မရာဒါး(ခ) မေသက်နှင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/8752 KTS Light Truck (KTS-Ts)P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမောင်ထွန်း ၉/မတရ(နိုင်)၁၄၀၇၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၂၇၅၁၉ ADIXIN-110 ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ဝင်းချော ၉/ခမစ(နိုင်) ၀၈၇၂၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**သွေးသည် အသက်**

## တံဆိပ်အမည်အမှတ်အသား အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက် (မမ-၂၈)၊ တိုက်(၁၁)နေ ၁။ ဦးစည်သူမြင့်ဦး (ဘ) ဦးမြင့်ဦး ၁၃/ကတန(နိုင်) ၁၂၇၁၄၃၊ ၂။ ဒေါ်မေသကြီန်ဦး (ဘ) ဦးမြင့်ဦး ၅/စကန(နိုင်)၂၄၅၆၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

Lilly Gems & Jewellery

RD(၃၄၆၀/၂၀၂၂)

အထက်ဖော်ပြပါ **"Lilly"** အမည်တံဆိပ်အမှတ်အသားဖြင့် **Gems & Jewellery (ကျောက်မျက်ရတနာနှင့် လက်ဝတ်လက်စား)**တို့ကို မန္တလေးမြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဆိုင်ဖွင့်လုပ်ရောင်းချရန်အတွက် ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းကြေညာခဲ့ပြီး ကျွန်ုပ်မိတ်ဆွေမှ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ အဆိုပါ တံဆိပ်အမည်အမှတ်အသားကို ဘာသာစကားအမျိုးမျိုးတို့ဖြင့် အသုံးပြု၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားတုပသုံးစွဲခြင်းများ မပြုကြပါရန်နှင့် အဆိုပါတံဆိပ်အမည်အမှတ်အသားကို တစ်နည်းနည်းတုပခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက် နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| **လွှဲအပ်သူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** | |
|---|---|---|
| **၁။ ဦးစည်သူမြင့်ဦး** | **ဦးဝင်းနိုင်ဦး(LL.B)** | **ဦးကောင်းမြတ်ထွန်း (LL.B)** |
| ၁၃/ကတန(နိုင်)၁၂၇၁၄၃ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ၂။ဒေါ်မေသကြီန်ဦး | (စဉ်-၁၅၆၅၄) | (စဉ်-၅၄၁၁၄) |
| ၅/စကန(နိုင်)၂၄၅၆၈၀ | ၆၅လမ်း၊၁၁၀x၁၁၁လမ်းကြား၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း ၀၉-၄၀၃၇၀၈၀၇၀၊ ၀၉-၇၇၇၆၂၄၈၇၇ | |

## ကြော်ငြာစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## စစ်တွေခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၄

**ကွယ်လွန်သူ ဦးရွှေသာ၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးရွှေသာ၏ကျန်ရစ်သော ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်၊ အကွက်အမှတ် ၃၀၊ ဦးပိုင်အမှတ် ၁၁၅၊ ဘိုးဘွားပိုင်မြေအမျိုးအစား၊ မြို့မြေ၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၂ ကေ(၁)ကွက်နှင့် ဆင်ကူးလမ်းရပ်ကွက်၊ အကွက်အမှတ်(၃၀)၊ဦးပိုင်အမှတ်(၂၀၃)၊ မြို့မြေ၊ မြေချိန်ဧရိယာ ၀ ဒသမ၂၃၆ ကေ ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးစစ်ထွန်းအောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးရွှေသာ ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက် (၁၃၈၄ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် စီရင်ချက်မချမှတ်မီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးစစ်ထွန်းအောင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မသိန်းလှိုင် )**
**ဒုတိယခရိုင်တရားသူကြီး**
**စစ်တွေခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၄)၊ အကွက်အမည် (အနောက်ဈေး(က)ရပ်)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ ၀ ဒသမ ၀၇၈ ဧက၊ ဦးပိုင်အမှတ် (၈၁)၊ ဧရိယာ ၀ ဒသမ ၀၉၅ ဧက၊ စုစုပေါင်း ဧရိယာ ၀ ဒသမ ၁၇၃ ဧကကို ဘိုးဘပိုင်အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၄) ရပ်ကွက်နေ ဦးလှသိန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **ဇော်ဝင်းလတ်**
**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၃၁)၊ ဥယျာဉ်ကုန်းလမ်းနှင့် ကမ်းနားလမ်းကြား၊ မြို့ပတ်လမ်းနှင့် ၈ လမ်းကြားရှိ ဒေါ်မြ၊ ဒေါ်ရှမ်း၊ ဦးမောင်မောင်၊ ဦးစံလှ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်မြ(အပျိုကြီးဘဝ)ဖြင့် ဒေါ်ရှမ်း(အပျိုကြီးဘဝ)ဖြင့် ဦးစံလှ(လူပျိုကြီးဘဝ)ဖြင့် ဦးမောင်မောင် (၎င်း၏ဇနီး) ဒေါ်ငွေးကြည်တို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သည့် တစ်ဦးတည်းသော အမွေဆက်ခံသူ ဦးအောင်ခင် ၉/မနမ(နိုင်)၁၁၆၀၇၀ က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာခြင်း

ရန်ကုန်စီးတီးတက္ကစီအသင်း (တရားဝင်တည်ထောင်ထားသော) ဖွဲ့စည်းနိုင်ရေး အလုပ်အမှုဆောင်ရွေးချယ်ပွဲအား ၃-၁၂-၂၀၂၂ ရက် (စနေနေ့) ၀၈:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ အသင်းရုံး၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်စီးတီးတက္ကစီအသင်းဝင်များအနေဖြင့် အလုပ်အမှုဆောင်ရွေးချယ်ပွဲ ဆန္ဒမဲပေးနိုင်ရေးအတွက် ရန်ကုန်စီးတီးတက္ကစီအသင်းရုံးတည်ရှိရာ အမှတ်(၂၆)၊ ပင်လုံလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သို့ ၃-၁၂-၂၀၂၂ရက်တွင် ကြွရောက်ဆန္ဒမဲပေးကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်စီးတီးတက္ကစီအသင်း(ယာယီ)**
**အလုပ်အမှုဆောင်အဖွဲ့**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၅၂၉၄၃၃၃၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၁၄)၊ ဦးပိုင်အမှတ်(၂၂-ခ) ၊ ၁၈x၁၉ လမ်း၊ ၆၀x ၆၂ လမ်းရှိ ဦးမောင်စိန်အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား ရောင်းချသူ ဒေါ်သန်းညွန့်၊ ကိုသာဌေး၊ ကိုမြဟန်တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၂၄/၁၉၇၄) ဖြင့် ဦးရီ၊ ဒေါ်ထွေး တို့မှဝယ်ယူပြီး ဦးရီ၊ (ဇနီး)ဒေါ်ထွေး၊ (သား) ဦးမောင်မောင်သန်း(လူပျိုကြီးဘဝ) ဖြင့် (သမီး) ဒေါ်စိန်စိန်ညွန့် (၎င်း၏ခင်ပွန်း) ဦးဖိုးထွေး၊ (သား)ဦးခင်မောင်လှတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သည့်(သား၊ သမီး မြေး၊ ချွေးမ) ဒေါ်လွင်လွင် ၉/မနမ(နိုင်)၀၆၅၀၄၁၊ ဒေါ်စန္ဒာဝင်း ၉/မနမ(နိုင်)၀၆၄၉၉၃၊ ဒေါ်သိင်္ဂီဝင်း ၉/မနမ(နိုင်)၀၆၄၉၉၁၊ ဦးဟိန်းကျော် ၉/မနမ(နိုင်)၁၀၂၆၄၇၊ ဒေါ်တင်တင်လှိုင် ၉/မနမ(နိုင်)၀၆၅၅၀၂၊ ဒေါ်ကေကြည်ကျော် ၁၂/ဥကမ(နိုင်)၁၇၆၀၃၅၊ ဒေါ်ဟေသီဝင်း ၁၂/ဥကမ(နိုင်)၁၉၃၀၃၆ တို့က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက် အမှတ် (ဟ-၁၃)၊ ဦးပိုင်အမှတ်(၆၈) ၊ ၆၀ x ၆၁ လမ်း၊ ပျူစောထီးလမ်းနှင့်ရန်ပြေလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ(ခင်ပွန်း)ဦးကြည်ရှိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၅၀၉/၂၀၁၄)အရ ပိုင်ဆိုင်သူ ဒေါ်သန်းရီ ၉/မရမ(နိုင်)၀၄၄၀၅၅ ၏ (GP ရသူ ဦးစိုးဝင်းသိန်း)က တောဂရန်စာချုပ်၊ မြေကွက်၏ အကြောင်းကြားစာ မူရင်းပျောက်ဆုံးကြောင်း (ရဲစခန်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး)ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ ဒေါ်သန်းရီ၏အိမ်ထောင်စုမိတ္တူများတင်ပြ၍ ဂရန်သက်တမ်းတိုး၊ တောမှမြို့ပြောင်း၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာတိုးချဲ့ရပ်ကွက်၊ အကွက်အမှတ် (၂၂၃၂)၊ (၄၀x၆၀)ပေရှိမြေသည် ဦးကျော်အောင်(ခွဲတပ်ကြပ်ကြီး) အမည်ဖြင့် မြေပေးမိန့် ရရှိထားပြီး ၎င်းမြေကွက်၏ပိုင်ဆိုင်မှုအထောက်အထားများသည် ဝယ်ယူစဉ်ကပင် ပျောက်ဆုံးနေပါသဖြင့် မြေပေးမိန့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန်အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်တင်မေသန်းမှပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာ၊ မြေခွန်ပြေစာမိတ္တူများ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့နှင့်အတူ တင်ပြလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ကော့ကျိုက်ကျေးရွာ၊ ဇာသပြင်ကျေးရွာအုပ်စုနေ ဦးလှဝင်း ၁၀/ကမရ(နိုင်)၀၂၃၃၃၃ နှင့် ဒေါ်ဝိုင် ၁၀/ကမရ(နိုင်) ၀၂၃၂၆၉ တို့၏ သမီးထွေး မအေးစိုးခိုင် ၁၀/ကမရ(နိုင်)၁၁၅၆၈၈ သည် မိဘများ၏ စကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဝင်း-ဒေါ်ဝိုင်**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့ အမှတ်(၁) ရပ်ကွက်နေ(ဘ) ဦးထွန်းရွှေ၏ သမီး မယဉ်ယဉ်အေးနှင့် မယဉ်ယဉ်ထွေး ၅/ကလဝ(နိုင်)၀၄၀၃၆၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မယဉ်ယဉ်အေး(ခ)မယဉ်ယဉ်ထွေး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမေသန်းဇော် ၁၁/စတန (နိုင်)၀၆၅၄၁၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
## ကြေညာချက်အမှတ်(၀၄၆ /၂၀၂၂)
## (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပညာရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အောက်ဖော်ပြပါသင်တန်းများ၏ မဟာဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ ဒီပလိုမာဘွဲ့နှင့် ဒီပလိုမာလက်မှတ်ရစာမေးပွဲအသီးသီးတို့ကို ဖြေဆိုအောင်မြင်ခဲ့ပြီးသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန်အတွက် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

(က) ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၁-၂၀၂၂ပညာသင်နှစ်၊ မဟာဝိဇ္ဇာဘွဲ့ စာမေးပွဲ အောင်မြင်ပြီးသူများ

(ခ) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ စတုတ္ထနှစ်(၂၀၁၆တက္ကသိုလ်ဝင်တန်းအောင်)ဝိဇ္ဇာဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ နိုင်ငံခြားဘာသာစကားသင်တန်း အချိန်ပိုင်း/ အချိန်ပြည့် (ဘွဲ့) စာမေးပွဲ အောင်မြင်ပြီးသူများ

(ဃ) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ Diploma in English, a one year full-time course စာမေးပွဲအောင်မြင်ပြီးသူများ

(c) Postgraduate Diploma in English Course (CHRD)Advanced Level-II အမှတ်စဉ်(၄၉၊၅၀၊၅၁)

(စ) Diploma in English Course(CHRD)Advanced Level အမှတ်စဉ်(၅၅၊ ၅၆၊ ၅၇၊ ၅၈)

၂။ (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပသည်အထိ တက်ရောက်ဘွဲ့ (သို့မဟုတ်) အဝေးရောက်ဘွဲ့လျှောက်ထားခြင်း မပြုရသေးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် နောက်ဆုံးရိုက်ကူးထားသော (၁½"x၂") အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံပူးတွဲ၍ လျှောက်ထားရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လာရောက်တင်သွင်းသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်)ဧည့်နိုင်ငံသားလက်မှတ်(သို့မဟုတ်) နိုင်ငံသား(ပြု)လက်မှတ်မူရင်း၊ မိတ္တူတစ်စောင်တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဘွဲ့နှင်းသဘင်တက်ရောက်ကြေးမှာ တက်ရောက်ဘွဲ့ (၁၅၀၀ိ/-) (ကျပ်တစ်ထောင့်ငါးရာတိတိ) နှင့်အဝေးရောက်ဘွဲ့ (၁၀၀၀ိ/-)(ကျပ်တစ်ထောင်တိတိ)ဖြစ်ပါသည်။

၆။ ဘွဲ့နှင်းသဘင်ကြေးငွေကို မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ငွေကိုင်ဌာနသို့ ကိုယ်တိုင် ပေးသွင်းရမည်။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**မှတ်ချက်**။ (၁½ "x ၂")အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံသည် အပြာရောင်နောက်ခံ၊ မြန်မာ/တိုင်းရင်းသား/အနောက်တိုင်း ဝတ်စုံပြည့်ဖြင့် နားရွက်နှစ်ဖက်ပေါ်လွင်အောင် ရိုက်ကူးထားသည့်ပုံဖြစ်ရမည်။

**ဒေါ်နွဲ့**
**မော်ကွန်းထိန်း**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန**
**မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၉)၊ ဦးပိုင်အမှတ်(၁၁)၊ ၆၅x၆၇ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးတင်ရှင် (ခ) ဦးတင်ရှိန်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၉၉၄/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်စီရင်ရင် ၁/မကန(ပြု)၀၀၀၀၂၇၏ (SP ရသူ ဒေါ်နန်းခင်မွေး)က အမည်ပြောင်းမည့်သူ ဒေါ်စီရင်ရင်၏ မှတ်ပုံတင် အိမ်ထောင်စု ဇယားတို့ တင်ပြရမည်ဖြစ်သော်လည်း ၎င်းရှာမရ၍ မရကြောင်း တင်ပြစာ ဂရန်စာချုပ်တို့နှင့်အတူ အမှုတွဲ အမှတ် ၄၂၄၉/၂၀၂၂-၂၀၂၃ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကြော်ငြာစာ

